ရေကြည်

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၉ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 10 May 2022 ၁၀၇၃၀

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြိုးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပို့ကုန်ရင်ဆိုင်ပြန်လည်ဝင်ရောက်ရန် ကျန်ရှိကုမ္ပဏီ(၁၅၈)ခုအား အရေးယူဆောင်ရွက်လျက်ရှိပြီး ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်း ကြေညာ

အသိပေးကြေညာချက်

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများ အပြည့်အဝရရှိရန်မှာ အဓိကကျသည့်အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈-ခ နှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅ တို့တွင် ပို့ကုန်တင်ပို့သူသည် ကုန်စည်များကို သင်္ဘောတင်သည့်နေ့မှ ခြောက်လအတွင်း ((၁၀-၁၁-၂၀၂၁) ရက်နေ့မှစ၍ သုံးလအတွင်း) ယင်း၏ဘဏ်စာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ဝင်ရောက်ရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို ပို့ကုန်တင်ပို့သည့်နေ့မှစ၍ ခြောက်လအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

ကသာခရိုင်ရှိ သကြားစက်များမှ သကြားတန် ၆၃၀၀၀ ကျော် ထုတ်လုပ်

ကသာ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ရှိ သကြားစက်များမှ သကြားတန် ၆၃၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုလနောက်ဆုံးပတ်တွင် ကြံရာသီ ပိတ်သိမ်းမည်ဖြစ်ရာ ကသာခရိုင် ဂရိတ်ဝေါ ဝေမာကုမ္ပဏီ သကြားစက်မှ ကြံတန်ချိန် ၅၈၀၀၀ ကျော်၊ မြတောင်သားသကြားစက်မှ ကြံတန်ချိန် ၂၅၀၀၀ ကျော်နှင့် UTP သကြားစက်မှ ကြံတန်ချိန် ၃၀၀၀၀ ခန့် စုစုပေါင်း ကြံတန်ချိန် ၆၃၀၀၀၀ ကျော် ကြိတ်နိုင်ခဲ့ကြောင်း သိရသည်။ ကြံ ၁၀ တန်ကြိတ်ပါက သကြားကုန်ချောတစ်တန်နှုန်း ထွက်ရှိသည့်အတွက် သကြားတန်ချိန် ၆၃၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ကသာခရိုင်အတွင်း ၂၀၂၁ ခုနှစ်က ကြံစိုက်ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ ကြံတန်ချိန် ၂၄၀၀၀၀ ထွက်ရှိခဲ့သည်။ ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ သကြားစက် သုံးစက်မှ ကြံတန်ချိန် ခြောက်သိန်းကျော် ကြိတ်နိုင်ခဲ့ပြီး ကျန်ကြံများမှာ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သကြားစက်များသို့ တင်ပို့ခြင်းနှင့် သကာရည်(ပွက်ရည်) ထုတ်လုပ်ရောင်းချခြင်း များရှိကြောင်း သိရသည်။

သကြားကုန်ချောများကို မန္တလေး သကြားပွဲရုံများသို့ တင်ပို့ရောင်းချပြီး မန္တလေးသကြားပွဲရုံများတွင် သကြားတစ်ပိဿာ ငွေကျပ် ၁၉၅၀ စျေးဖြင့် ဝယ်ယူကြောင်း သိရသည်။ **လူလေး**

ယနေ့ ဖတ်စရာ

တပ်မတော်ဆေးပညာ နှီးနှောဖလှယ်ပွဲမှသည် တပ်မတော်ဆေးတပ်ဖွဲ့၏ဂုဏ်ကို ထွန်းလင်းတောက်ပစေလျက် . . .

ဆောင်းပါး စာမျက်နှာ » ၁၀

မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်း အန်နူဂိုဘီပြည်နယ် ၌ သစ်တောပြုန်းတီးမှုကာကွယ်ရန် သစ်ပင်သန်း ၇၀ စိုက်ပျိုးမည်

စာမျက်နှာ » ၁၃

၂၀၂၂-၂၀၂၃ ခု ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူ

စာမျက်နှာ » ၁၇

လူငယ်နှင့် ဘာဝ အောင်မြင်ရေး

စာမျက်နှာ » ၂၀၊ ၂၁

ကြားမှု

အလုပ်အကိုင်ပွင့်လန်း ကိုယ်စိတ်နှစ်ပါးလန်းဆန်း

လူတို့၏သဘာဝအရ အလုပ်အကိုင်အဆင်ပြေပါက တက်ကြွရွင်လန်းနေတတ်သည်။ အလုပ်အကိုင်အဆင်မပြေပါက စိတ်လက်မကြည်သာ ဖြစ်တတ်သည်။ မသင့်သောအလုပ်အကိုင် လုပ်ကိုင်မိသောကြောင့် အန္တရာယ်ဖြစ်သောသူ အချို့လည်းရှိသည်။ ထို့ကြောင့် အလုပ်အကိုင်သည် လူတစ်ဦးချင်းအတွက်သာမက နိုင်ငံအတွက်ပါ အရေးကြီးသောကိစ္စဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်း ကောင်းခြင်း၊ မကောင်းခြင်းမှာ နိုင်ငံ၏အနေအထားပေါ်တွင် မူတည်ပေသည်။ အလုပ်အကိုင်အခွင့်အလမ်းမှာ စီးပွားရေးနှင့် အဓိကသက်ဆိုင်သော်လည်း နိုင်ငံရေးနှင့်လည်းမကင်းပေ။ အစိုးရတစ်ရပ်သည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက်တာဝန်ရှိပြီး နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းရန်အတွက် ဦးစားပေးဆောင်ရွက်ကြသည်။ နိုင်ငံကို စျေးကွက်စီးပွားရေးဆောင်ရွက်ရာ၌ အလုပ်အကိုင်အခွင့်အလမ်းများကို အစိုးရသာမက ပုဂ္ဂလိကကဏ္ဍမှလည်း ဖန်တီးပေးသည်။

အမှန်တကယ်တွင် မြန်မာနိုင်ငံ၌ အလုပ်အကိုင်အခွင့်အလမ်းများ များစွာရှိသော်လည်း လုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များပေါများသော်လည်း စိုက်ပျိုးထုတ်ကုန်များအား အပြည့်အဝထုတ်လုပ်နိုင်ခြင်းမရှိပေ။ နိုင်ငံအနှံ့အပြားတွင် တစ်သီးသာ စိုက်ပျိုးပြီး တလင်းမြေများဖြစ်နေသည်ကို တွေ့ရသည်။ အချို့ဒေသများတွင် မည်သည့်အပင်မျှ စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မြေလွတ်မြေလပ်သဖွယ် ဖြစ်နေသည်ကို တွေ့ရသည်။ တွက်ခြေမကိုက်သဖြင့် မည်သူမျှလည်း အကြောင်းရင်း မရှာကြပေ။ လူတို့သည် အသိဉာဏ်ဖြင့် မွေးဖွားလာကြသူများဖြစ်၍ ရေမရှိသောနေရာတွင် ရေရအောင်၊ သစ်ပင်စိုက်၍မရသောနေရာတွင် သစ်ပင်စိုက်၍ရအောင် ကြိုးပမ်းကြံစည်နိုင်သည်ကို အခြားနိုင်ငံများတွင် တွေ့နိုင်ပါသည်။

ထို့ကြောင့် စိုက်၍ပျိုး၍ မရနိုင်သောနေရာတွင် စိုက်၍ပျိုး၍ ရနိုင်ရေး၊ ရေမရှိသောနေရာတွင် ရေရရှိရေး၊ တစ်သီးစားစိုက်ပျိုးသောနေရာတွင် နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်ရေးတို့ကို ကြံစည်အားထုတ် ကြိုးပမ်းကြမည်ဆိုလျှင် စိုက်ပျိုးထုတ်ကုန်များ တိုးတက်မြင့်မားလာပြီး အလုပ်အကိုင်များအဆင်ပြေကာ စီးပွားရေးကောင်းမွန်လာမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က စိုက်ပျိုးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရေးကို မကြာခဏလမ်းညွှန်ပြောကြားလျက်ရှိပြီး လိုအပ်သည်များကို အဘက်ဘက်က ကူညီဆောင်ရွက်ပေးနေချိန်တွင် အလုပ်အကိုင်များ ဖန်တီးကြမည့်သူများအနေဖြင့် ရေလား၊ မြေလား၊ နည်းပညာလား၊ အရင်းအနှီးလား စသည့်လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ပေသည်။

ကနဦးတွင် စိုက်နိုင်ပျိုးနိုင်သောမြေ၊ သုံးနိုင်စွဲနိုင်သောရေ မဖြစ်သောနေရာများအား အပင်ပန်းခံမစဉ်းစားသေးဘဲ စိုက်နိုင်ပျိုးနိုင်သောမြေ၊ သုံးနိုင်စွဲနိုင်သောရေရှိသောနေရာတွင် စိုက်ခြင်းပျိုးခြင်းမရှိသောကိစ္စများကို ကွင်းဆင်းအဖြေရှာ၍ စိုက်နိုင်ပျိုးနိုင်အောင် ဝိုင်းဝန်းပူးပေါင်း ကြံစည်အားထုတ်ကြလျှင် အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ထွန်းလာကာ ဒေသတွင်းလူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာပြီးနောက် နိုင်ငံ့စီးပွားရေးပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ဥပမာအားဖြင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင် ရေမရှိသော ကျေးလက်ဒေသသို့ အစိုးရက အခြားတစ်နေရာမှ ရေရောက်အောင်ပို့ဆောင်ပေးပြီး ရေကိုစနစ်တကျ တန်ဖိုးရှိစွာသုံးစွဲနည်းဖြင့် နေအိမ်တိုင်း၊ မိသားစုတိုင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သည့်စနစ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကျေးလက်ဒေသများ၏ ဆင်းရဲမွဲတေမှုကိုလျှော့ချနိုင်ပြီး ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ရေမရှိသောဒေသများသို့ ရေရှိအောင်ဆောင်ရွက်ပေးနိုင်သည့် အခြေအနေများရှိပါသည်။ ရှိပြီးသားရေကို စနစ်တကျသုံးစွဲရန်လည်းလိုပါသည်။ မြန်မာနိုင်ငံ၏မြေမှာ ပြောဖွယ်ဆိုဖွယ်မရှိပါ။ လက်တွေ့ အကောင်အထည်ဖော်ရန်သာ လိုအပ်ပါသည်။ အဓိကမှာ မဖြစ်မနေလုပ်ကိုင်မည်ဆိုသည့် စိတ်ဆန္ဒ၊ မရရအောင် လုပ်ကိုင်မည်ဆိုသည့် ဇွဲသတ္တိ၊ မဖြစ်ဖြစ်အောင် ဖန်တီးမည်ဆိုသည့် တီထွင်ကြံဆမှုတို့ရှိပြီး အားလုံးပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်ကြပါက လက်တွေ့အကောင်အထည်ပေါ် အောင်မြင်ဖြစ်ထွန်းလာမည်မှာ သေချာပါသည်။ သို့ဖြစ်ရာ လတ်တလောအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာရေးကို ကြံစည်ကြိုးပမ်းအားထုတ်ကြပြီး ပြည်သူများ ကိုယ်စိတ်နှစ်ပါးရွင်လန်းလာအောင် ဝိုင်းဝန်းဆောင်ကြဉ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

တရားမအထူးအယူခံမှုတစ်မှုကို ကြားဖြတ်အမိန့်ချမှတ်ပြီး

တရားမအထူးအယူခံမှုကိုးမှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှုငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၉

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၇/၂၀၂၁ (ရန်ကုန်) ကို ကြားဖြတ်အမိန့်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၅၀/၂၀၂၀(ပဲခူး)၊ ၁/ ၂၀၂၁(ရန်ကုန်)၊ ၂/၂၀၂၁(စစ်ကိုင်း)၊ ၈/၂၀၂၁ (ရန်ကုန်)၊ ၉/၂၀၂၁(ဧရာဝတီ)၊ ၁၀/၂၀၂၁(ဧရာဝတီ)၊ ၁၁/၂၀၂၁ (မန္တလေး)၊ ၁၃/၂၀၂၁ (ဧရာဝတီ)နှင့် ၂၇/၂၀၂၁ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု ကိုးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမ အထူးအယူခံမှုအမှတ် ၁၉/၂၀၂၀ (ရှမ်း)၊ ၃၃/၂၀၂၁(မကွေး)၊ ၃၄/၂၀၂၁(မကွေး)၊ ၁/၂၀၂၂(ဧရာဝတီ)နှင့် ၅/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဓမ္မာစရိယစာမေးပွဲ (နဝမနေ့)နှင့် ပါဠိပထမပြန်စာမေးပွဲ (တတိယနေ့) ကျင်းပ

နေပြည်တော် မေ ၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာနတို့၌ နဝမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ နဝမနေ့ စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၄၅၄ ပါးအနက် အပါး ၂၅၀ ဖြေဆိုကြသဖြင့် ၅၅ ဒသမ ၀၆ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်း သံဃာနှင့် သီလရှင် စုစုပေါင်း ၅၀၅၃၇ ပါးအနက် ၃၈၅၀၂ ပါး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၁၉ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကံဦးကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ လွှစင်ကုန်းကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မဟာဓမ္မပါလ တိုင်းရင်းသားဗုဒ္ဓသာသနာပြုသင်တန်းကျောင်း (နန်းဦးကျောင်းတိုက်)သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ဘုရားကြီးကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ အောင်နိမိတ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အင်းပူမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းကြီးစာသင်တိုက်သို့လည်းကောင်း တာဝန်ရှိသူများသွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၅ -၂၀၂၂)

ကုမ္ဗဏီ အမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇,၅၀၀	၇,၇၀၀	၃၂၉	၂,၅၁၂,၃၀၀
MTSH	၂,၆၅၀	၂,၆၀၀	၃,၃၉၁	၈,၈၀၅,၁၀၀
MCB	၇,၉၀၀	၇,၉၀၀	၀	၀
FPB	၁၇,၀၀၀	၁၇,၀၀၀	၀	၀
TMH	၂,၅၀၀	၂,၅၀၀	၁၀၃	၂၅၇,၅၀၀
EFR	၂,၆၅၀	၂,၆၅၀	၀	၀
AMATA	၅,၀၀၀	၅,၀၀၀	၀	၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၉

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၈၅၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၁၉၄၄.၉
(ဂ) တရုတ်	တစ်ယွမ်	=	၂၇၅.၁၀
(ဃ) ထိုင်း	တစ်ဘတ်	=	၅၃.၄၆၈
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၂၂.၀၄
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၃.၈၈၅
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၂၉၅.၉
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၃၂.၅
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၄၁၀.၉
(ည) တောင်ကိုရီးယား	တစ်ရာ၀မ်	=	၁၄၄.၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

မိမိတို့၏ မီဒီယာလုပ်ငန်းများကို မည်သို့ပင် ဟန့်တားနှောင့်ယှက်စေကာမူ နိုင်ငံနှင့် ပြည်သူအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေမည်

ရန်ကုန် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် ကောင်စီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့အချိန်တွင် မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အပြစ်မဲ့ပြည်သူအချို့ကို ဒလန်ဟုစွပ်စွဲကာ အကြောင်းမဲ့သတ်ဖြတ်မှုများ ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်ရကြောင်း၊ လူပုဂ္ဂိုလ်အချို့၏ မမှန်မကန် သွေးထိုးမြှောက်ပင့်မှုများကြောင့် ဒီမိုကရေစီနှင့် မယဉ်ပါးသေးသည့် လူငယ်လူရွယ်အချို့ လမ်းမှားရောက်ကာ ၎င်းတို့၏အနာဂတ်များ ထိခိုက်နစ်နာနေသည်ကို တွေ့မြင်နေရကြောင်း။

ကြိုးပမ်းဆောင်ရွက်နေမည်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အသိအမြင်၊ အတွေးအခေါ် မှန်ကန်ပြီး နေ့စဉ်လူမှုဘဝများကို အေးချမ်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်တွင် မိမိတို့၏ သတင်းမှန်ထုတ်ပြန်ရေးလုပ်ငန်းများကို မသမာသူများက ဟန့်တားနှောင့်ယှက်နေကြကြောင်း၊ တစ်နည်းအားဖြင့် ဒီမိုကရေစီအမည်ခံ အဖျက်သမားများက ၎င်းတို့၏ မဟုတ်မမှန် ဝါဒဖြန့်ပြောဆိုမှုများ ဆောင်ရွက်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် သတင်းအချက်အလက်ဖြန့်ဝေသည့် သတင်းမီဒီယာလုပ်ငန်းများကို ဟန့်တားနှောင့်ယှက်နေကြောင်း၊ မိမိတို့၏ မီဒီယာလုပ်ငန်းများကို မည်သို့ပင် ဟန့်တားနှောင့်ယှက်စေကာမူ နိုင်ငံနှင့်ပြည်သူအတွက် နည်းလမ်းမျိုးစုံဖြင့် မိမိတို့ ကြိုးပမ်းဆောင်ရွက်နေမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအား သတင်းအချက်အလက် ထုတ်ပြန်ရေးလုပ်ငန်းများသာမက လူငယ်လူရွယ်များ၏ စာရိတ္တကောင်းမွန်စေရေးနှင့် စိတ်နေသဘောထား မှန်ကန်ကောင်းမွန်စေရေးအတွက် ပြည်သူ့နီတိနှင့် ၃၈ ဖြာမင်္ဂလာတို့ကို ဇာတ်သဘင်ပညာရှင်များနှင့်ပူးပေါင်း၍ ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေအပေါ် မှန်ကန်စွာသိမြင်ပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့များမှ စာပေပညာရှင်ကြီးများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

ဆွေးနွေးပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ အေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် ဆောင်ရွက်မှုအခြေအနေများနှင့် သတင်းမီဒီယာသမားများက ကျင့်ဝတ်သိက္ခာစောင့်ထိန်း၍ သတင်းတု၊ သတင်းမှားများ ပိုင်းဝန်းတိုက်ဖျက်ပေးရန် လိုအပ်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)နှင့် ကောင်စီဝင်များက သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ရေးနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့များမှ စာပေပညာရှင်ကြီးများနှင့်တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သတင်းပြန်ကြားရေးလုပ်ငန်းများ အခြေအနေနှင့် စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်ရေး အခြေအနေများကိုလည်းကောင်း၊ အနာဂတ်ကို တာဝန်ယူကြမည့် လူငယ်များအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကိုလည်း ကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အနုပညာဗဟိုဌာန အဆောက်အအုံများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး စာအုပ်စာပေကောင်းများကို ပိုမိုရေးသားထုတ်ဝေပေးရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင် စာပေပညာရှင်ကြီးများက အမျိုးသားစာပေဆုဆိုင်ရာ ရွေးချယ်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ကမ္ဘာ့သတင်းမီဒီယာကောင်စီအထွေထွေညီလာခံ တက်ရောက်

နေပြည်တော် မေ ၉

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ကောင်စီဝင် ဦးအေးချမ်းတို့သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် World Association of Press Councils(WAPC) က ဦးဆောင်ကျင်းပသော ကမ္ဘာ့သတင်းမီဒီယာကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရန် မေ ၂ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြောင်း သိရသည်။

တက်ရောက်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်တို့သည် မေ ၃ ရက်နှင့် ၄ ရက်တို့တွင် နိုင်ရိုဘီမြို့ Safari Park Hotel ၌ ကျင်းပသော World Association of Press Councils (WAPC) အဖွဲ့ဝင်နိုင်ငံ ဥက္ကဋ္ဌများ မိတ်ဆက်တွေ့ဆုံခြင်း၊ အထွေထွေညီနှိုင်းဆွေးနွေးခြင်း အခမ်းအနားများသို့ တက်ရောက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) မြန်မာနိုင်ငံနှင့်ပတ်သက်သည့် သတင်းမီဒီယာကိစ္စရပ်များ ရှင်းလင်းပြောကြားစဉ်။

ဆက်လက်၍ မေ ၅ ရက်တွင် MCK (Media Council of Kenya)၏ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားနှင့် World Association of Press Councils (WAPC) ဥက္ကဋ္ဌ Prof. Dr. Sule. Aker ဦးဆောင်ကျင်းပသော နိုင်ငံအလိုက် အစီရင်ခံစာတင်သွင်းခြင်း အခမ်းအနားများသို့ တက်ရောက်သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌက အစီရင်ခံစာတင်သွင်းရာတွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ အရင်းခံကိစ္စရပ်များကို ရှင်းလင်းပြီး လက်ရှိအစိုးရ၏ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်ရေးအတွက် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာ အချို့၏သတင်းတု၊သတင်းမှားများကြောင့် ဖြစ်ပေါ်ခဲ့သည့် ကိစ္စရပ်များ၊ လက်ရှိ အခြေအနေ တိုးတက်ကောင်းမွန်နေမှုများ၊ အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုနှုန်း လျော့နည်းကျဆင်းနေမှုများကို ရှင်းလင်းပြောကြားပြီး မိတ်ဆွေနိုင်ငံများအနေဖြင့် သတင်းအချက်အလက်အမှန်များ သိရှိလိုပါက မိမိတို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ဆက်သွယ်ဆောင်ရွက်ပြီး သတင်းအမှန်များကိုသာ ဖြန့်ချိပေးစေလိုကြောင်း ပြောကြားသည်။

သွားရောက်လေ့လာ

World Association of Press Councils (WAPC) အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် မေ ၆ ရက်နှင့် ၇ ရက်တို့တွင် ကင်ညာ သတင်းမီဒီယာကောင်စီ(KPC) ရုံးချုပ်၊ အကြီးဆုံး ရုပ်သံလွှင့်လုပ်ငန်းဖြစ်သော KBC (Kenya Broadcasting Coporation)နှင့် ပုဂ္ဂလိကပိုင် Nations Media Group၊ နိုင်ရိုဘီ အမျိုးသားသဘာဝဥယျာဉ်များသို့ သွားရောက်လေ့လာခဲ့ကြသည်။

World Association of Press Councils (WAPC)၏ ခြောက်ရက်တာ ညီလာခံအပြီးတွင် ညီလာခံတက်ရောက်သော အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌများ လက်မှတ်ရေးထိုးကာ သဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်မူကြမ်းကို မြန်မာနိုင်ငံက ပုံဖော်ရေးသားပြုစုပေးခဲ့သည်။

ပုံမှန်ပြန်လည်ကျင်းပသွားမည်

ယခုအခါ World Association of Press Councils(WAPC)တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၂၆ နိုင်ငံရှိပြီး တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလေ့ရှိသော ညီလာခံကို ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပနိုင်ခြင်း မရှိပေ။ ယခုနှစ်မှ ပြန်လည်ကျင်းပနိုင်ခြင်း ဖြစ်ကာ နောင်နှစ်များတွင် ပုံမှန်ပြန်လည် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ကောင်စီဝင် ဦးအေးချမ်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရေး အကြိုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်ရေး အကြိုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမတွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရာ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်းနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ ပါမောက္ခချုပ် ဒေါက်တာမာမာဝင်း တို့က ကျောင်းများ၊ စတင်လက်ခံပေးနေမှု၊ ကျောင်းသူ ကျောင်းသားအဆောင်များ၊ စာသင်ဆောင်များ၊ ကျောင်းသားဦးရေ လက်ခံနိုင်မှုပမာဏနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဘေးကင်းလုံခြုံစွာ သင်ကြားသင်ယူနိုင်ရေးစီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရေဆင်းဒေသသည် အဆင့်မြင့်ပညာသင်ကြားရေးနှင့် သုတေသနဌာနများ တည်ရှိနေပြီး စိုက်ပျိုးပညာ ပြည်ရှာဖွံ့ဖြိုး၊ မွေးမြူဆေးကုတိုင်းပြည်ပြုဆောင်ပုဒ်များနှင့်အညီ အဆင့်မြင့်ပညာရပ်များ မွေးထုတ်ပေးသည့် ရပ်ဝန်းတစ်ခုဖြစ်သည့် အားလျော်စွာ တက္ကသိုလ်များအနေဖြင့် စာတွေ့လက်တွေ့သင်ကြားရေး၊ လေ့ကျင့်ရေး၊ သုတေသနလုပ်ငန်းများကို တိကျသော အချိန်ဇယားခွဲဝေမှုပုံစံဖြင့် စနစ်တကျ သင်ကြားပေးကြရန်လိုကြောင်း၊ အလားတူ အင်တာနက်များ ကောင်းမွန်စွာအသုံးပြုနိုင်ပြီး တက္ကသိုလ်များအချင်းချင်း ချိတ်ဆက်၍ နည်းပညာ ဖလှယ်နိုင်ရေး၊ ရာသီအလိုက် အားကစားပြိုင်ပွဲများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအခြေခံသည့် အခမ်းအနားများ၊ ကျွပန်းစကားပြောပွဲများ စသည်တို့ ဆောင်ရွက်ပေးပြီး ပတ်ဝန်းကျင်နှင့် သဟဇာတညီစွာ ဝင်ဆံ့သည့် ဘက်စုံထူးချွန်သူများ ဖြစ်စေရေး စနစ်တကျစီမံဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားပြီး ဆရာသမားကောင်းများပီသစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များ၊ လက်တွေ့ဆောင်များ၊ သုတေသနဓာတ်ခွဲခန်းများ၊ စာကြည့်တိုက်နှင့် စားရိပ်သာများ၊ ကျောင်းသားကျောင်းသူအဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းများပိတ်ထားခဲ့ရသဖြင့် ဆုံးရှုံးခဲ့ရသော စာသင်ကာလများ အစားထိုးဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်မှုကြောင့် သင်ကြားမှုသင်ယူမှု အရည်အသွေးထိခိုက်မှုမရှိစေရေး၊ ကျောင်းတက်ရန် အခက်အခဲရှိသည့်ကျောင်းသား ကျောင်းသူများ ကျောင်းတက်နိုင်ကြရန် တတ်နိုင်သည့်ဘက်က ကူညီဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ မိသားစုများ နေရေးစားရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေဆင်းဆည်သို့ ရောက်ရှိကြပြီး ရေဆင်းဆည်ရေသောက်အတွင်း သီးနှံများစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ဆည်ရေပေးဝေနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူအတွက် ဝင်ငွေအများဆုံး သီးနှံပုံစံဖော်ထုတ်ပေးရေး၊ မြေဆီဩဇာ ထက်သန်ရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ စနစ်တကျ အသုံးပြုရေး၊ တစ်နှစ်နှစ်သီးစားမှ သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စိုက်ကွင်းများ ရေသွင်း ရေထုတ် မှန်ကန်ရေးနှင့် ရေတင်နည်းမျိုးစုံဖြင့် စိုက်ပျိုးရေအသုံးပြုနိုင်ရေး၊ ဒေသစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး

မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၉

လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။

ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ယခုသင်တန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ စစ်ဆေးရေးစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်၊ အသိပညာဗဟုသုတ တိုးပွားလာစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ လက်ထောက် ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများသည် စစ်ဆေးရေးအဖွဲ့ကို ဦးဆောင်လမ်းညွှန်ရသူများဖြစ်သဖြင့် အရည်အချင်းနှင့် အရည်အသွေးများ ပြည့်ဝစေရန်အတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားနေရန် လိုအပ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ထိရောက်အောင်မြင်စွာ ပြီးမြောက်နိုင်ရန်အတွက် ကောင်းမွန်သည့် Auditor-Auditee Relationship ပေါင်းသင်းဆက်ဆံရေးနယ်ပယ်ကောင်းများ တည်ဆောက်

နိုင်ရန် လိုအပ်ကြောင်း။

ယခုသင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ မဟာဗျူဟာလုပ်ငန်းစီမံချက်ပါ ရည်မှန်းချက်တစ်ခုဖြစ်သည့် ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းလိုက်နာမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှု စစ်ဆေးခြင်းများကို ပြည်တွင်းစံများ၊ နိုင်ငံတကာ စစ်ဆေးရေးစံများနှင့် အညီ လုပ်ငန်းခွင်သုံး စစ်ဆေးရေးလက်စွဲများဖြင့် သင်ကြားပို့ချသွားမည်ဖြစ်၍ ဘာသာရပ်အလိုက် ပါဝင်သည့် အကြောင်းအရာများကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရန် ရှင်းလင်းကျေညက်စွာ နားလည်သိရှိအောင် သင်ယူကြစေလိုကြောင်း။

ပြောကြား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အချိန်မီလုပ်ဆောင်နိုင်စေရန်၊ ဘဏ္ဍာရန်ပုံငွေများကို တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီ သုံးစွဲနိုင်မှု ရှိ၊ မရှိကို သိရှိနိုင်စေရန်အတွက် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real time Audit)ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သဖြင့် ကြိုတင်လေ့လာပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေး)၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ လက်ထောက်ညွှန်ကြားရေးမှူး ၂၁ ဦးနှင့် ဦးစီးအရာရှိ ၂၈ ဦး၊ စုစုပေါင်း ၄၉ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ISSAI Based Financial Audit ၊ ISSAI Based Performance Audit ၊ ISSAI Based Compliance Audit အပါအဝင် ဘာသာရပ် ခြောက်ခုကို သုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မင်းလှမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

မင်းလှ မေ ၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်း ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် မေ ၇ ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ သောက်ရေသုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အသိပညာပေးပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

မြန်မာနိုင်ငံအနေဖြင့် အကောင်းဆုံး ခရီးသွားကျေးရွာအစီအစဉ်အား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပါဝင်လျှောက်ထားရယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် မေ ၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ "ဒုတိယအကြိမ်မြောက် အကောင်းဆုံးခရီးသွားလုပ်ငန်းကျေးရွာ-၂၀၂၂" အဆိုပြုလျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် "Briefing Session of Best Tourism Villages by UNWTO" အွန်လိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ နယ်ရုံးခွဲ တာဝန်ခံများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးကို အကောင်းဆုံးခရီးသွားလုပ်ငန်းကျေးရွာအစီအစဉ်တွင် မြန်မာနိုင်ငံရှိ အလားအလာကောင်းသော ကျေးလက်ခရီးစဉ်ဒေသများ ယှဉ်ပြိုင်နိုင်ရေးအတွက် အွန်လိုင်းလျှောက်လွှာတင်သွင်းခြင်း၊ ပါဝင်ယှဉ်ပြိုင်မည့်ကျေးရွာများမှ တင်ပြရမည့်အစီအစဉ်များ၊ လျှောက်လွှာတင်သွင်းရာတွင် လိုအပ်သည့်သတင်းအချက်အလက်များစသည်တို့ကို ညှိနှိုင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပသည်။

ကြိုးပမ်းဆောင်ရွက်သွားမည်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့်လည်း အကောင်းဆုံးခရီးသွားကျေးရွာအစီအစဉ်အား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပါဝင်လျှောက်ထားရယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်နေရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် လိုအပ်သည်များအား ဆက်လက်ကူညီပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အရ အာရှနှင့် ပစိဖိတ်ဒေသတွင်းဌာန၏ ညွှန်ကြားရေးမှူး Mr. Harry Hwang က အကောင်းဆုံးခရီးသွားလုပ်ငန်းကျေးရွာအစီအစဉ်ကို ၂၀၂၁ ခုနှစ်မှ စတင်၍ ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ရွာပေါင်း ၄၄ ရွာကို အကောင်းဆုံးခရီးသွားလုပ်ငန်းကျေးရွာများအဖြစ် သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသော အွန်လိုင်းအစည်းအဝေးမှာ ဒုတိယအကြိမ်မြောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများမှ ကောင်းမွန်သော အခွင့်အရေးများရရှိအောင် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း နှုတ်ခွန်းဆက်ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ခရီးသွားဈေးကွက်ထောက်လှမ်းခြင်းနှင့် စွမ်းဆောင်ရည်ဌာနမှ အကြီးအကဲ Ms. Sandra Carvao က အကောင်းဆုံးခရီးသွားကျေးရွာ အစီအစဉ်ဖော်ဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ အစီအစဉ်မှ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ အကောင်းဆုံးခရီးသွားကျေးရွာရရှိရေး လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် အကဲဖြတ်မှုများ၊ ရွေးချယ်ရေးဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက လျှောက်လွှာတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ထည့်သွင်းတင်ပြရမည့် အချက်များနှင့် ပြိုင်ပွဲဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်အခြေခံစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် သတ်မှတ်ရည်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်

နေပြည်တော် မေ ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မြန်မာ့သစ်လုပ်ငန်း ဝါးတရာသစ်အခြေခံစက်မှုဇုန်နယ်မြေသို့ သွားရောက်စစ်ဆေးပြီး သစ်အခြေခံစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဇုန်စီမံခန့်ခွဲရေးကော်မတီ၏ ထိရောက်သော စီမံကြီးကြပ်မှုဖြင့်ဆောင်ရွက်ရေး သတ်မှတ်ရည်မှန်းချက်များပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သစ်အခြေခံစက်မှုလုပ်ငန်းဌာနရှိ အမှတ် (၂) သစ်ပါးလွှာစက်ရုံ၊ အမှတ် (၃) သစ်ပါးလွှာစက်ရုံ၊ သစ်အခြေခံစက်ရုံများမှထွက်ရှိသည့် ဘေးထွက်ပစ္စည်းများမှတစ်ဆင့် လောင်စာတောင့် (Wood Pellet) စမ်းသပ်ထုတ်လုပ်နေမှု၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနရှိ အမှတ်(၄)သစ်စက်နှင့် အမှတ်(၆)သစ်စက် တို့ကို သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့ နယ် အရှေ့ကြို့ကုန်းရပ်ကွက် မင်းဓမ္မကုန်းတော်ရှိ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် (ရန်ကုန်)သို့ သွားရောက်စစ်ဆေးပြီး ရတနာဆင်ဖြူတော်များ၏ လုံခြုံရေး၊ ကျန်းမာရေး၊ ကျွေးမွေးစောင့်ရှောက်ရေး၊ ထိန်းသိမ်းရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ အများပြည်သူများ ဝင်ရောက်ကြည့်ရှုနိုင်ရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့ နယ် အနောက်ကြို့ကုန်းရပ်ကွက် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကြို့ကုန်းသစ်ဆိပ်သို့သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သံတွဲ - ဂ - ငါးသိုင်းချောင်းလမ်းနှင့် ဂ၀ချောင်းတံတား တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ဂျပန်နိုင်ငံ JICA ချေးငွေဖြင့် ဆောင်ရွက်သည့် သံတွဲ-ဂ - ငါးသိုင်းချောင်းလမ်း (ငါးသိုင်းချောင်း(ရေနံ့သာ) - ဂ၀လမ်းပိုင်း)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လမ်းဘေးဝဲယာ လမ်းနယ်နိမိတ် သတ်မှတ်ချက်ပြည့်မီအောင် ဆောင်ရွက်ရန်၊ ခရီးသွားယာဉ်များ ဘေးကင်းလုံခြုံမှုအတွက် တောင်တက်အကွေ့ မြေထိန်းနံရံ ဆောင်ရွက်ထားသည့် နေရာများတွင် လမ်းညွှန်အမှတ်အသားများ တပ်ဆင်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေသောင်ယံ - မကျီးဇင် - ကျောက်ချွန် - ဂ၀ လမ်းပိုင်း လမ်းတစ်လျှောက်နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် ကြက်သွန်ကွင်း - သဲဖြူ - မကျီးဇင် လမ်းပိုင်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တံတားအထူးအဖွဲ့(၈)က တာဝန်ယူ တည်ဆောက်နေသည့် ဂ၀ချောင်းတံတားစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေး၊ လက်ရာ သေသပ်ကောင်းမွန်ရေးနှင့် သတ်မှတ်ချိန် ပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဂ - သံတွဲ လမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သတင်းစဉ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၉

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

၁ ရှေ့ဖုံးမှ

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရဘဏ်များ ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်-

(က) AD လိုင်စင်ရဘဏ်များမှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း၊
(၃ နှစ်ကြာကာလအတွင်း)

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဆက်သွယ်ခေါ်ယူစာရင်းရှင်းလင်းခြင်း၊
(ရက်ပေါင်း ၆၀)

(ဂ) သတင်းစာများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် စာရင်းရှင်းလင်းရန် ကြေညာခြင်း၊
(ရက်ပေါင်း ၆၀)

(ဃ) စာရင်းရှင်းလင်းမှုမရှိသူများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (ပသက) ပိတ်သိမ်းခြင်း၊
(ရက်ပေါင်း ၃၀)

(င) ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီမှ ဦးဆောင်၍ ပို့ကုန်တင်ပို့သူများနှင့် အစည်းအဝေး (၅) ကြိမ်ပြုလုပ်၍ ရှင်းလင်းဆွေးနွေးခြင်း။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈-ခ ဖြစ်သော "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ"ဟုလည်းကောင်း၊ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အဆိုပါဥပဒေပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်ပါသည်။

၄။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ကုမ္ပဏီများအား အထက်အပိုဒ်(၂)ပါအတိုင်း အကြောင်းကြားခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်း၊ အစည်းအဝေးများ ပြုလုပ်၍ ဆွေးနွေးခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ပြီး သော်လည်း ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိဆဲကုမ္ပဏီ (၁၅၈)ခုရှိပါသည်။

၅။ အဆိုပါကုမ္ပဏီ(၁၅၈)ခု (ပူးတွဲစာရင်း)အား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းထည့်သွင်းကြောင်းနှင့် ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်ကုမ္ပဏီများအားလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၉-၅-၂၀၂၂)

၂၀၁၆ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာအဖွဲ့ဝင်အမည်	ကုမ္ပဏီလိပ်စာ	မှတ်ပုံတင်အမှတ်
1	AVISTA TRADING COMPANY LIMITED.	U Min Thein U Sai Kyaw Tin	No.30/34(A), First Floor, 39th Street, Lower Block, Kyauk-tada Township, Yangon Region.	12/Ou Ka Ma (N)131877 13/La Ya Na (N)023976
2	CUBIC STAR COMPANY LIMITED.	U Min Lwin Oo Daw Thida Tin U Ye Naing Oo Daw Su Su Myat	No.(79), Ra Za Thingyan Street, Ward(114), Dagon Myothit (South) Township, Yangon Region.	12/Da La Na(N) 029625 12/Ma Ya Ka (N) 040633 12/Ma Ga Da(N) 021778 4/Pha Kha Na (N) 199170
3	GREEN MAST TRADING CO., LTD.	U Soe Aung Daw Khin Than Myint Daw Khin Su Su Htwe	No.(1572), May Kha Road, (63) Quarter, Dagon Myothit (South) Industrial(2), South Dagon Township, Yangon Region.	9/Ma Ka Na(N) 008779 9/Ma Ka Na(N) 081025 9/Ma Ka Na(N) 097283
4	HANUMAN INTERNATIONAL TRADING MYANMAR COMPANY LIMITED.	U Lappa Rao @ Mg Myint Daw Nilar Mr.Md Shahid	No.(13), 5th Floor, 87 Street, Daw Thein Tin Road, Mingalar Taung Nyunt Township, Yangon Region.	12/Ma Ga Ta(Phyu) 000040 12/Ma Ga Ta(N) 068461 Indian K 0508610
5	MOUNT VEBHARA TRADING COMPANY LIMITED.	Daw Thida Aye Daw Yin Yin Win	Building(239), Room No.3, Seinpanmyaing Street, (25) Ward, Thuwunna, Thingangyun Township, Yangon Region.	12/Tha Ga Ka(N) 083018 12/Ta Ta Na (N) 223184
6	MYA THIRI TRADING CO., LTD.	U Maung Maung Daw Hla Sein U Kyaw Win	No.150, Ground Floor, Seik-kanthar Street, Ward No.7, Kyauktada Township, Yangon Region.	12/Ka Ta Ta (N)003005 6/Ka Tha Na (N)015657 12/Ma Ga Ta (N)065434
7	MYANMAR OCEAN STAR CO., LTD.	U Kyaw Htwe U Kyaw Kyaw U Yan Pu (a) Kyaw Sein	No.22(A), Thingaha Street, Tamwe T/S, Yangon Region.	13/La Ya Na(N)-088771 13/La Ya Na(N)-088097 13/La Ya Na(N)-096893
8	RUBY TIGER TIMBER LIMITED.	U Tun Maung U Than Htut	No.(38), Kyun Shwe War Street, Shwe Nanthar Ywarma Ward, Pearl Myothit, Mingalardon Township, Yangon Region.	4/Pa La Wa(N) 023454 12/Ou Ka Ma(N) 124223
9	SHENG XING DA COMPANY LIMITED.	Daw Kyawe Chin U Aung Kyaw Zaw	No.(41), Pan Whar Street, Yangon Thit Quarter, Thingan-gyun Township, Yangon Region.	13/La Ya Na (N)217700 10/Ma La Ma (N)128056
10	TIAN CI TRADING COMPANY LIMITED.	U Sa Nay Aung Daw Hinn Ei Khaing	No.(42/8+9), Kanaung (2)Street, Shwe Pyi Thar Industrial Zone (1)Ward, Shwe Pyi Thar Town-ship, Yangon Region.	5/Ya Ba Na (N)-203107 5/Ya Ba Na (N)-220748
11	U KAUNG TRADING CO.,LTD.	U Thar Oo U Aung Zay Yar Oo	Building No.10/12, Room-103/D, 35th Street, Kyauktada T/S, Yangon Region.	12/Sa Kha Na(N)-052851 12/Ka Ma Ya(N)-011575

၂၀၁၇ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာအဖွဲ့ဝင်အမည်	ကုမ္ပဏီလိပ်စာ	မှတ်ပုံတင်အမှတ်
1	Aqua Max Co., Ltd.	U Zaw Bo Bo Oo @ Ko Oo Daw Yin Yin Latt	No.(84), Min Theiddi Kyaw Swar Road, Hlaing Tharyar Industr-ial Zone (3), Hlaing Thar Yar Township, Yangon Region.	6/Hta Wa Na(N) 000160 6/Hta Wa Na(N) 000107
2	Arno (Myanmar) Co., Ltd.	Mr.Wang, Min-Hsieng Mr. Wang, Ming-Chang Mr.Wang-Ming Yang Ms. Chen, Shu-Hui	No.4, Padauk Street, Ward No.(6), Pazundaung Township, Yangon Region	PP No.305261733 PP No. 307203840 PP No.301658993 PP No.301665890
3	Aspen International Co.,Ltd.	U Yan Nyein U Tun Wai	Building (39), Room No.(6/B), MyoThit 1st Street, Kyauk Myaung East Ward, Tamwe T/S,Yangon Region.	7/Tha Wa Ta (N) 010311 9/Ma Na Ta (N) 049154
4	Aung Khant Myat Co., Ltd.	U Aung Zaw Lin U San Lin Aung Daw Pa Pa Khine	No.(203), Room (2-A), 32rd Street, Pabadan Township, Yangon Region	14/Ma Ah Pa(N) 193962 12/Da Ga Ya(N) 018784 14/Ma Ah Pa(N) 193961
5	Aung Myo Htet Family Mining Enterprise Ltd.	Daw Tin Ohn Daw Hla Yin Daw Nang Hwam Hwam U Ko Ko Naing U Aung Win Ko Ko @ U Aung Ko Win	No.16/64, Shan Kho Laung Street, (12) Ward,Lashio Township, Northern Shan State.	13/La Ya Na(N) 038841 1/Ma Nya Na (N) 056861 13/Ma Ya Ta(N) 008365 1/Ma Nya Na (N) 085321 7/Ah Ta Na (N) 064288
6	Austinply Myanmar Private Ltd.	Mr.Jai Prakash Bhartia Mr.Surendra Kumar Agarwal Mr.Siddharth Agarwal Mrs. Tanu Merh Dhar@ Tanu Merh	No.(60,61,62,69,70 & 71), Thu Khi Thar Street, Dagon Seikkan Industrial Zone (2), Dagon Seikkan Township, Yangon Region	Passport No.J 7595920 Passport No.J 8718761 Passport No.H 4306550 Singapore P.P.No.E-5364936H
7	Avista Trading Co., Ltd.	U Min Thein U Sai Kyaw Tin	No.30/34(A), First Floor, 39th Street, Lower Block, Kyauk-tada Township, Yangon Region.	12/Ou Ka Ma (N)131877 13/La Ya Na (N)023976
8	Aye Thukha Co., Ltd.	Daw Khin Moe Moe Aye Daw Khin Thidar Moe	Gandamar Street, No.21(A), 4th Floor, Sanchaung Town-ship, Yangon Region.	11/Ta Ka Na(N) 074692 11/Ta Ka Na(N) 081060
9	Bright Food Co., Ltd.	U Ranjit Ghosh U Kanu Ghosh	Tha Zin (1) Lane, No.B-107, FMI City, Hlaing Thar Yar Town-ship, Yangon Region.	11/Sa Ta Na(N) 043789 12/Ka Ta Ta(N) 023805
10	Cubic Star Co., Ltd.	U Min Lwin Oo Daw Thida Tin U Ye Naing Oo Daw Su Su Myat	No.(79), Ra Za Thingyan Street, Ward(114), Dagon Myothit (South) Township, Yangon Region.	12/Da La Na(N) 029625 12/Ma Ya Ka (N) 040633 12/Ma Ga Da(N) 021778 4/Pha Kha Na (N) 199170
11	DT International Co., Ltd.	Daw Kyi Thein U Aung Kyaw Soe Daw San San Oo	NO.259, KANAUNG MINGYI STREET, WARD NO.42, INDU-STRIAL ZONE (1), SHWE PYI THAR T/S, YANGON.	6/Tha Ya KHa (N)055127 12/Ma Ya KA (N) 013670 12/Ya Pa Tha (N) 008742
12	Extremely Success Logistics Co.,Ltd	U Pyae Phyo Lwin Daw Hsu Yee Htun	No.56, Room(14/A), 4th Floor, Yawmingyi Street, Dagon Township, Yangon Region.	12/Da Ga Na (N) 033803 9/Ma Ka Na (N) 108721
13	Famous Excellence Co., Ltd.	U Kyaw Khaing Daw Yan Shin May U Eik Sike Daw Aye Aye Cho U Sein Kyaw U Ko Ko Latt	Highland Ave Road (Kong Myint Yeik Thar Road), No. (34/B), 7th Miles, Mayangone Township, Yangon Region.	9/ Pa Ou La (N) 017712 9/Ma Ma Na (N)-019199 9/Ma Ma Na (N)-020744 9/Pa Ou Ta (N)-004506 9/Pa Ou Ta (N)-004505 9/Pa Ou Ta (N)-017711
14	G-Cos Ltd.	U Ko Ko Aung Daw Moe Moe Myint	No.(1343/A), Shwe Hinthar 1st Street, (20)Ward, Dagon Myothit (South) Township, Yangon Region.	12/Da Ga Ta(N) 000491 12/Ma Ga Ta(N) 094025
15	Glaxy Star Co., Ltd.	Daw Nan Aye Leik U Tun Lin U Aik Kwe Daw Yamon Htet Lin U Aung Aung Oo	Building No.(G-8/65), Region (8), Yankin Street, 7-Ward, Larshio Township, Northern Shan State.	13/Ma Hsa Ta (N)043097 13/La Ya Na(N) 024610 13/La Ya Na(N) 138959 13/La Ya Na (N)146493 13/Tha Pa Na(N) 060342
16	Global Garuda Co., Ltd.	U Aung Naing Oo Daw Thwe Thwe Aung	No.(133), 36th Street, Between (77x78) Street, Maha Aung Myay Township, Mandalay Region.	9/Ma Ha Ma(N) 009669 9/Pa Ou La(N) 001602
17	Great Pole Star International Co.,Ltd.	Daw Khin Lay Maw U Aung Tin	Building (31), Room(10), Gyogone Yeikthar, Insein Township, Yangon Region.	12/Ah Sa Na (N)016815 12/Ah Sa Na (N)016816
18	Green Energy Trading Ltd.	U Hla Aung @ U Salu Wan U Kaung Nyunt	No.(517), Mandalay Street, Industrial Zone(1), (23rd) Ward, South Dagon Township, Yangon Region.	12/Pa Za Ta (N) 011212 12/Pa Za Ta (N) 031600
19	Green Mast Trading Co.,Ltd.	U Soe Aung Daw Khin Than Myint Daw Khin Su Su Htwe	No.(1572), May Kha Road, (63) Quarter, Dagon Myothit (South) Industrial (2), South Dagon Township, Yangon Region.	9/MaKaNa(N)008779 9/MaKaNa(N)081025 9/MaKaNa(N)097283
20	Gurjan Veneer Ltd.	U Tun Maung U Tun Win	No.(5), Plywood Factory, Pyi Htaung Su Street, South Oebo Ward, Monywa Township, Sagaing Region.	4/Pa La Wa(N) 023454 11/Ka Ta Na(N) 003378

စာမျက်နှာ ၇ သို့ »»

»» စာမျက်နှာ ၆ မှ

21	Hanuman International Trading Myanmar Co., Ltd.	U Lappa Rao @ Mg Myint Daw Nilar Mr.Md Shahid	No.(13), 5th Floor, 87 Street, Daw Thein Tin Road, Mingalar Taung Nyunt Township, Yangon Region.	12/Ma Ga Ta(Phyu) 000040 12/Ma Ga Ta(N) 068461 Indian K 0508610
22	Havilah International Trading Co.,Ltd.	U Sithu U Htain Win Wai U Aung Tun U Myo Min Htet	No.Nga/5-21(A),Zawtika Street, Between (64 x 65) Street,Chan Mya Thar Si Township, Mandalay Region.	9/Ma Ha Ma (N)-029088 13/Ta Ka Na (N)-050446 9/Ma Ka Na (N)-072909 9/Ah Ma Za (N)-010609
23	Htin Thiha Trading Co.,Ltd.	U Aung Ko Ko Cho Daw Zarni Cho U Win Zaw Daw Sandar Tin	No.(254), Room No.(71), 8th Floor, Mingalar Tower, Seik Kan Thar Street (Upper), Kyauk-tada T/S, Yangon Region.	6/Ma Ah Ya (N)_090855 6/Ma Ah Ya (N)-000980 12/Ka Ma Ya (N)-062786 12/Ka Ta ta (N)_026655
24	Htoo Aung Aung Trading Co., Ltd.	U Naing Htoo Win U Tin Maung Maung U Han Win Tun Daw Theingi Maung Maung	No.(154), Bo Gyoke Street, (1) Ward, Mayangone Township, Yangon Region.	12/Ta Ta Na(N) 185763 12/Ou Ka Ta(N) 124059 12/Ba Ha Na(N) 078769 12/Ou Ka Ta(N) 203101
25	International Venture Co.,Ltd.	U Sunil Kumar Daw Nilar Htun Daw Meera Devi @ Baby	No.(99), 8th Floor(D), Myanmar Gon Yee Road, Kantawgalay (South)Quarter, Mingalar Taung Nyunt T/S, Yangon Region.	7/Ka Ta Kha (N) 084108 12/Ta Ma Na (N) 099403 12/Pa Ba Ta(N) 001049
26	Lay Pyay Hnyin Trading Co., Ltd.	Daw Mar Mar San Daw Shout Woo	No. 168/A+B, Set Hmu(1)Lane, Industrial Zone(1), Shwepyitha Township, Yangon Region.	9/MaYaMa(N)067431 13/LaYaNa(N) 056947
27	Life M.M.K Co., Ltd.	U Sa Min Aung U Myint Aung U Kyaw Win	No.(112/2), (29) Street, Late-pyarkan Yonegyi Ward, Bago Township, Bago Region.	14/Ma Ma Na (N) 231673 12/Kha Ya Na (N) 107882 12/Ma Ga Ta (N) 079450
28	Maw Beautiful Land Co.,Ltd.	U Aung Aung Htwe U Min Zaw Thein	No.(1/C), Pyilhtaung Su Street, Mine Yu (105) Mile, Muse T/S, Shan (North) State.	9/Ma Ya Ta (N) 001885 12/Ya Ka Na (N) 073640
29	May Khalar Services Co.,Ltd.	U Zaw Zaw Naing Daw Yee Yee Myint	No.(65), Khayaypin Street, Pyay Road (West), Dagon Township, Yangon Region.	12/Da Ga Na (N) 029636 12/Ma Ga Ta (N) 014894
30	Mercor International Co.,Ltd.	U Aung Moe Kyaw Daw Mar Mar Tun	No.33, 6 1/2 Miles, Pyay Road, 11-Quarter, Hlaing Township, Yangon Region.	12/Ma Ya Ka (N) 106397 12/Ba Ha Na (N) 083876
31	Moe Han Oo Trading Co.,Ltd.	U Aung Myint Daw May Myint Khine	No.4/A, Wun Min Street, (16) Block, Yankin T/S, Yangon Region.	12/Ta Ma Na (N)-012373 12/Ta Ma Na (N)-105609
32	Mother's Smile Co., Ltd.	U Wai Yan Htun Thein U Aung Thu Ya U Aung Myo Htun U Phyoe Wai Thant	No.257, Pyingatoe Street, (34) Block, North Dagon Myothit Township, Yangon Region.	12/Ou Ka Ta (N)-171927 12/Ta Ma Na (N)-092961 12/Ka Ma Ta (N)-051729 12/Sa Kha Na (N)-062401
33	Mount Vebhara Trading Co.,Ltd.	Daw Thida Aye Daw Yin Yin Win	Building(239), Room No.3, Seinpanmyaing Street, (25) Ward, Thuwunna, Thingangyun Township, Yangon Region.	12/Tha Ga Ka(N) 083018 12/Ta Ta Na (N) 223184
34	Myanmar Tokiwa Corporation Ltd.	U Myint Naing Oo@ U Bhone Myint Aung U Than Naing	No.44/B, No.3 Trunk Road, Pyinmabin Industrial Zone, Mingalardone T/S, Yangon Region.	9/Ma Ka Na (N)-081659 7/Da Ou Na (N)-023576
35	Myanmar Yangon Axis Co.,Ltd.	Daw Shaung Wair U Shoung Way	No.4(A)/10(A), Mindama Road, East Kyoe Gone Ward, Insein Township, Yangon Region.	13/La Ya Na(N) 185007 13/La Ya Na(N) 167460
36	Mymona Trade (MMR) Co.,Ltd.	Daw Khin Phyu Phyu U Naing Oo U Khin Maung Htwe	43rd Street, No.(87), Ground Floor, Ward No.(8), Botahtaung Township, Yangon Region.	12/Bha Ta Hta (N) 039144 12/Pa Za Ta (N) 036421 12/Ba Ta Hta (N) 045092
37	N.Y.K Global Diamond Crown Co.,Ltd.	U Tin Soe Daw Khin Sabei @ Khatizar Bi Bi U Wai Yan Soe	No-17, 1st Floor, 54th-Street, 2-Ward, Pazundaung Town-ship, Yangon Region.	12/Pa Za Ta(N) 000451 12/Pa Za Ta(N) 004829 12/Pa Za Ta(N) 035743
38	New Wave Co.,Ltd.	U Tin Win Sein Nyunt Khin Maung Phyu	No.18, Wai Za Yan Tar Road, Ward No.(6), South Okkalapa T/S, Yangon Region.	BMO-085325 HLG-014579 BMO-150158
39	Nicety Odour Forwarding & Trading Co., Ltd.	U Wunna Aung U Tin Ko Ko	No.(22), 5th Floor, Bo Min Khaung Street, Bo Sein Hman Quarter, Bahan Townshp, Yangon Region.	9/Ma Kha Na (N)-147273 12/Ba Ha Na (N)-025915
40	Nilar Min Maung Co.,Ltd.	U Akbar @ U Min Maung Daw Nilar Win U Aung Min Min Daw Nan Kaylar Lwin	No.349/351, 4th Floor, Shwe Bonthar Street, Ward No.(5), Pabedan T/S, Yangon Region.	12/Pa Ba Ta (N)-016888 12/Pa Ba Ta (N)-001523 12/Pa Ba Ta (N) 036766 12/Pa Ba Ta (N) 034362
41	Nyein Hsu Latt Co., Ltd.	U Kyaw Swar Htwe Daw Thae Su San Daw Nu Nu Moe Daw Hla Hla Wai	No.833, Bo Mue Ba Htoo Street, 133 Ward, Dagon (East) Town-ship, Yangon Region.	12/Ma Ya Ka (N) 109373 12/Ka Tha Na (N) 074401 12/Ma Ya Ka (N) 095337 5/Sa Ka Na (N) 033140
42	Orca International Co., Ltd.	U Kyaw Swe Daw Thaung Thaung Htay	No.153, Ground Floor, 47th Street(Upper), Botahtaung Township, Yangon Region.	12/Tha Kha Na (N)-016967 12/Tha Ka Ta (N)-078425
43	Pathein Moe Ayeyar Kyaw Co., Ltd.	U Moe Kyaw Myint Daw May Thandar U Than Htut Myint	No.(48), Thadi Pahtan Street, Kyar Kwet Thit Ward, Tamwe Township, Yangon Region.	14/Pa Tha Na (N) 000875 14/Ba Ka La (N) 001185 14/Pa Tha Na (N) 169791
44	Peng Sheng Wood China Co., Ltd.	Mr.Meng, Jianyu Mr.Qin, Changchun	Nawarat Street, No.(128+ 1289), Thardukan Industrial Zone, Shwe Pyi Thar Township, Yangon Region.	PP No.E 24877967 PP No.E 31033223
45	Pixio Myanmar Co., Ltd.	Mr.Wong Tooe Hawk Mr.Tham Khai Wor Ms.Wee Swee Neo Doris	No.81, Yadanar Road, (8) Quarter, South Oakkalapa Township, Yangon Region.	Singaporean Passport No. E3103783J Singaporean Passport No. E 2932162L Singaporean Passport No. E 3302156K
46	Rama Nadi Trading Co., Ltd.	U Harish Kumar Daw Su Su Mar Davi	No.(268), 6th Floor, Seik Kan Thar Street, Kyauktada Town-ship, Yangon Region.	12/Ka Ta Ta(N) 022098 12/Ka Ta Ta(N) 002283
47	Red Dragon Asia Group Co., Ltd.	U Thein Htay@ U Zayar Htun Daw Nyo Nyo Seint Daw Nyo Me Me U Thet Lwin Moe @ U Sai Lain Htan Daw Htat Htat Kyaw	No.537/B, Shwe War Tun (1st) Street, Ward No.(12), Hlaing Tharyar T/S, Yangon Region.	12/Tha Ka Ta (N)-141069 12/Tha Ka Ta (N)-133908 6/Tha Ya Kha (N)-001266 10/Ma La Na (N)-148140 6/Kha Tha Na (N)-046386
48	Red Kidney Beans Trading Co., Ltd.	U Ratan Kumar U R.K Burma (a) U Ram Kaylass	No.182/194,Room No.4/C, Hninsi Condominium, Bota-htaung Pagoda Road, Pazun-daung T/S, Yangon Region.	7/Pha Ma Na (N)-119068 7/Pha Ma Na (N)-119067
49	Rimo Co., Ltd.	Daw Moh Moh Myint Aung Daw Khin Aye Mu	No.(2830), Aung Mingalar Road, South Dagon Industrial Zone(2), Dagon Myo Thit(South) Township, Yangon Region.	12/Ou Ka Ma(N) 178604 12/Ou Ka Ma(N) 118023
50	Royal Proxy Co.,Ltd.	U Susay @U Win Ko Ko Daw Catherine @ Daw San San Win	No.(63), Nilar Street, Kyun Thar Ward, Bago T/S, Bago Region.	12/Ma Ga Ta (Ei) 000200 12/Tha La Na (Ei) 000050
51	RUBY TIGER TIMBER LIMITED.	U Tun Maung U Than Htut	No.(38), Kyun Shwe War Street, Shwe Nanthar Ywarma Ward, Pearl Myothit, Mingalardon Township, Yangon Region.	4/Pa La Wa(N) 023454 12/Ou Ka Ma(N) 124223
52	S C K Co., Ltd.	U Moe Lwin Daw Yu Yu Htwe	Room No.(604), Kan Yeik Mon Condo, Kan Street, 10th Ward, Hlaing Township, Yangon Region.	12/Ah Sa Na (N)214483 12/Ma Ga Ta (N)021081
53	See Seinn San Mining Co.,Ltd.	Daw Thuzar Thet U Than Htay	Bo Myat Tun Street, No. (116/118), (6B), (5) Quarter, Bota-htaung Township, Yangon Region.	12/Ou Ka Ma (N)-183209 12/Ka Ma Ya (N) 002161
54	Sein Family Export & Import Co.,Ltd.	U Htein Su U Myaing Su U Chaung Su U Kyin Su Daw Sein U Aye Su U Kyaw Min Oo U We Su	No.189, Shwe Yin Aye Pagoda Street, Hlaing Thar Yar Industry Zone, (5) Extension, Hlaing Thar Yar T/S, Yangon Region.	12/La Ma Na (N) 111651 Ou Ka Ma (Aei) 000190 12/Ou Ka Ma (N) 124026 12/Ou Ka Ma (N) 149173 12/Ou Ka Ma (N) 124273 12/Ou Ka Ma (N) 124812 12/OuKaMa(N)149171 12/UKaMa(N)000427
55	Sheng Xing Da Co., Ltd.	Daw Kyawe Chin U Aung Kyaw Zaw	No.(41), Pan Whar Street, Yangon Thit Quarter, Thingan-gyun Township, Yangon Region.	13/La Ya Na (N)217700 10/Ma La Ma (N)128056
56	Shwe Chy Ngwe Chy Co.,Ltd.	Daw Wai Htike Htike Soe Daw Nay Chy Lin U Myatt Thura	Building No.22,Room No.201, Aung Thapyae Street,Thatyar Gone Quarter,Mingalar Taung Nyunt T/S, Yangon.	12/La Ma Na (N) 008368 12/Ma Ya Ka (N) 116657 12/Pa Ba Ta (N) 014064
57	Shwe Lat Oo Trading Co.,Ltd.	U Kone Soe@ U Hla Shwe U Hwan Ti Li	No.(1239), Corner of Bogyoke & Thiri Zayar Street, (5)Quar-ter,Hlaing Thar Yar Township, Yangon Region.	13/Na Ma Ta (N) 038008 13/La Ya Na (N) 100650
58	Shwe Nann Wun Trading Co.,Ltd.	Daw Nilar Daw Khaing Nyein Aye	No.7, Ye Theikpan Street, Ahtet Kan Phyar Ward, Myeit T/S. Tanintharyi Region.	5/Ma Ah Ya (N)-097557 5/Sa La Ka (N)-060403
59	Shwe Wint Htel Co.,Ltd.	U Zaw Htut Swe Daw Win Win Than	No.26/3, Nawaday Road, Dagon T/S, Yangon Region.	7/Ya Ta Ya (N) 075856 9/Ma Ya Ma (N)-011187
60	Sky Asia Co., Ltd.	Mr.Yoo Sun Ha Mr.Kim Kang Sik Mr.Awe Hae Hoon U Than Naing Daw Zin Nwe Hlaing	No. 85, Khayay Yeikmon, Zay Kabar Compound, Mingalardon Industrial Zone, Mingaladon Township, Yangon Region.	Korean P.P.No M78762042 Korean M 75566213 Korean P.P.No M396151632 12/Ka Ta Ta(N) 000369 12/Ba Ha Na(N) 079497
61	Southern Powerful Dragon Co.,Ltd.	U Thiha Myo Kyaw Daw Yin Muya Win (a) Daw Aein Khwar Phyu U Kyaw Thuya Win	No.801, Garden Tower, Corner of Damazadi & Bagayar Street, Sanchaung T/S, Yangon Region.	13/Ka La Na (N)-051376 9/Ka Sha Na (N)-000095 12/Eu Ka Ta (N)-150884
62	Steel Rose Co., Ltd.	Daw Phyu Phyu Kyaw U Nay Lin Satt	YANGON-INSEIN ROAD, BUIL-DING(5), ROOM(14), HLAING YADANAR HOUSING, 9 QUAR-TER, HLAING TOWNSHIP, Yangon Region.	6/Ba Pa Na (N) 048032 12/Da Ga Ta (N) 014720
63	T & H World Trading Co.,Ltd.	Daw Thandar Naing Daw Hnin Yee Lwin	No.(51), Top Floor, (101st) Street, Mingalar Taung Nyunt Town-ship, Yangon Region.	12/Tha Ka Ta (N)-116006 1/Ma Nya Na (N)-106661
64	Thet Aung Kyaw International Co., Ltd.	U Thet Tun U Tin Tun U Sat Paing Tun Daw Aye Mya Phyo Thar	No.(164), War Dan Street (Upper), Lanmadaw Township, Yangon Region.	12/Tha La Na (N) 004596 12/Tha La Na (N) 004898 6/Hta Wa Na (N) 098091 14/Ka Pa Na (N) 121540
65	Thiha Kyaw Export- Import Trading Co., Ltd.	U Thiha Kyaw Thu Daw Ei Mon Kyaw	Bo Aung Kyaw street No, 185/193 9 ward, Kyauktada Tsp, Yangon Region.	12/Pa Ba Ta (N)-033853 12/Ah Sa Na (N) 190505

စာမျက်နှာ ၈ သို့ »»

»» စာမျက်နှာ ၇ မှ

66	Tian Ci Trading Co., Ltd.	U Sa Nay Aung Daw Hinn Ei Khaing	No.(42/8+9), Kanaung(2) Street, Shwe Pyi Thar Industrial Zone (1) Ward, Shwe Pyi Thar Township, Yangon Region.	5/Ya Ba Na (N)-203107 5/Ya Ba Na (N)-220748
67	U Kaung Trading Co.,Ltd.	U Thar Oo U Aung Zay Yar Oo	Building No.10/12, Room-103/D, 35th Street, Kyauktada T/S, Yangon Region.	12/Sa Kha Na(N)-052851 12/Ka Ma Ya(N)-011575
68	Universal Power Trading Co., Ltd.	U Chit Soe U Tun Lin Aung	No.693, Merchant Street, Three Quarter, Pabedan T/S, Yangon.	7/Nya La Pa (N)-014670 12/Ta Ma Ta (N)-109742
69	Yati Tun Co., Ltd.	U Han Myint Daw Thin Thin Aye	No.(TH-3),Thumingalar Street, Thumingalar Housing, Thingan-gyun Township, Yangon Region.	7/La Pa Ta(N) 151519 14/Pa Tha Na(N) 171273

၂၀၁၈ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာအဖွဲ့ဝင်အမည်	ကုမ္ပဏီလိပ်စာ	မှတ်ပုံတင်အမှတ်
1	AFA FAMILY COMPANY LIMITED.	KYAW KO KO WIN AYE AYE MYINT SIN TI YA SO ABDUL KHALEIK	No.(289), Dotehtawady Road. (17) Quarter, Industrial Zone (5), Hlaing Thar Yar, Yangon 09-975540288, 09-2553212185 moharmet159@gmail.com	
2	ASIA WHALE TRAVELS & TOURS COMPANY LIMITED.	DAW MAY THAN HTAIK U MAUNG MAUNG LAY @ U MAUNG HLA U ZAW WIN KO	No. (40), Ground Floor, (7th) Street, Lanmadaw, Yangon 09-972230566,09-5184592 info@asiawhale.com	
3	ASPEN INTERNATIONAL CO., LTD.	U TUN WAI U YAN NYEIN	No.(6/B), Building(39), Myo Thit (1st) Street, Kyauk Myaung, Tamwe, Yangon 09-5012783, 73048747 aspen.international.co@gmail.com	
4	AUNG KHANT MYAT COMPANY LIMITED.	WIN NAING@ZABIR ALOM	No.(203), Room(2 - A,) (32rd) Street, Pabedan, Yangon 09-799586684 aungzawlinn832@gmail.com	
5	AUNG MYIN THU KHA COMPANY LIMITED.	AUNG PHYO KYAW PHYO WAI WIN	No.(80), Ground Floor, Nga Moe Yake (10)Street, Thingangyun, Yangon. 09-33377736	
6	AUSTINPLY MYANMAR PRIVATE LTD.	JAI PRAKASH BHARTIA SIDDHARTH AGARWAL SURENDRA KUMAR AGARWAL TANU MERH DHAR @ TANU MERH	No.(60/61/62/69/70/71), Thukhi-tar Street, Dagon Seikkann Industrial Zone (2), Dagon Seik-kan, Yangon. 09-9973225233 austinplymyanmar@gmail.com	
7	BAMBOO SHADE FAMILY COMPANY LIMITED.	DAW THAN KYI	No.(7), (6th)Street, Mingalar Quarter, Pyinmana, Nay Pyi Taw 09-264646780	
8	BAW PYADAR SHIN COMPANY LIMITED.	KYAW HTAY MYINT U KYAW HLAING	No.(E/3), Thunandar Street, Between(63 X 64) Street, Between Khaing Shwe Wah Street & Zaluhwah Street, Chan Mya Thar Si, Mandalay 09-455717536, 9773919433	
9	BRIGHT FOOD CO.,LTD.	U KANU GHOSH U RAINJIT GHOSH	No.(B-107), FMI City, Thazin(1) Street, Hlaing Thar Yar, Yangon 09-5505974, 09-425004228 dasadhirranjan@gmail.com	
10	CHENGFANG COMPANY LIMITED.	DAW AYE AYE WAR DAW HTIKE HTIKE SAN	No.(16/E), Air Port Yeik Thar(1) Street, Saw Bwar Gyi Gone Quar-ter, Insein, Yangon 09-43134569,781188177 cansuccess2015@gmail.com	
11	CHIT THAE TONE FAMILY COMPANY LIMITED.	KHAING MAY MI NAING MAY THU NYI NYI NAING SOE NYI ZIN	(105) Mile, Min Yu Village, Shwe Nyaungbin Street, Muse 09-41001731, 09-403716782	
12	CHUE YADANAR TRADING CO, LTD.	Daw Chue Yadanar Myo U Win Zaw U Win Myo Thet	No.37, 4th Floor, Neik Ban Street, Thardu East Ward, Kyeemyindine T/S, 09-8300966 09-5500608 chueyadanar2522@gmail.com	12/Ka Ma Ta (N) 072849 10/Ma La Ma (N) 017045 8/Ta Ta Ka (N) 014188
13	DEHAN GLOBAL COMPANY LIMITED.	HNIN PHYU KAUNG HTET ZAW	No.(15), Shwe Hnin Si Street, Maharsi, (5) Ward, Mayangone, Yangon. 09-772124507 kyawmohhein83@gmail.com	
14	E-HOME SMART TECHNOLOGY COMPANY LIMITED.	THIHA MIN	Building.(12), Room.(02) Ground Floor, Shwe Ohn Pin Housing(1), Yan Aye Street, Yankin, Yangon 09-797996490	
15	FUKUYAMA COMPANY LIMITED.	KYAW WIN TUN KYAWT K KHAING	Building(107), Room(4), Min Ye Kyaw Swar Housing, Laydaung-kan Road, Tamwe Lay Quarter, Tamwe, Yangon. 09-421026122 myr.doc2@e-sourcingint.com	
16	FUTURE PARADISE COMPANY LIMITED.	DAW WAH WAH HTUN U THI HA ZAW	Minn Ywar Zay Pine,Thanet Pin, Bago City. 09-975597000 kothispk@gmail.com	
17	GAO XIN ELECTRIC CO., LTD.	U HLAING MIN OO U KYI THAN	No.(120), Room No.(24),Insein Main Road, (9)Ward, Hlaing,Yangon City, 09-5411914, 250520566	
18	G-COS LIMITED.	U Ko Ko Aung Daw Moe Moe Myint	No.(1343/A), Shwe Hinthar 1st Street, (20) Ward, Dagon Myothit (South)Township, Yangon Region. 09-791444363 09-43086200	12/Da Ga Ta(N) 000491 12/Ma Ga Ta(N) 094025
19	GLOBAL GARUDA COMPANY LIMITED.	U AUNG NAING OO , DAW THWE THWE AUNG	No. (1061), Room (302),Bo Min Yaung Street, North Dagon Myothit, Yangon 09-265068457, 09-421018959	
20	GREAT MOUNT SILVER TRADING COMPANY LIMITED.	U ZAW MIN TUN	No.(94), Ground Floor, 37th Street (Middle), (5)Ward, Kyauktada, Yangon. 95-1-246028	
21	GREAT POLE STAR INTERNATIONAL COMPANY LIMITED.	AUNG TIN, KHIN LAY MAW, SAW KA LA YAR, SAW TUN LIN, THAN ZAW MYINT	Building No.(10), Room No. (4/A),U Pho Hman Street, Ward No.(16), Hlaing, Yangon 09-5149066, 09-420160468	
22	GREEN MAST TRADING CO., LTD.	DAW KHIN SU SU HTWE DAW KHIN THAN MYINT DAW KHIN THAN SAW U SOE AUNG	No.(28), Zaya Thukha Lane, 54 Quarter, Thuwunna, Thingan-gyun, Yangon. 09-5129298, 73130688 greenmast@gmail.com	
23	H B N COMPANY LIMITED.	AYE MYA THIDAR, MR LEE MOO SOO	No.(75/2-C), Thamein Bayan Street, Tamwe Gyi (Ka+Ga) Quarter,Tamwe, Yangon 09-792677001, 792677002	
24	HEIN LAY COMPANY LIMITED.	ABU TA HAY, KHIN SOE MYINT, KYAW SWAR HEIN, THINZAR KO KO	No.(27), Ground Floor, Yarzadirit Street, Ward No.(3), Botataung, Yangon. 95-1-9010262, 9010041	
25	H-HTET COMPANY LIMITED.	DAW LAE LAE WIN, U THET KO KO OO, U YAN NAING LIN	No.(325/A), Ba Leka(11)Street, (10) Ward, South Okkalapa, Yangon. 09-250003726, 799585610	
26	HTET MYAT HLAING INTERNATIONAL CO, LTD.	BO MYINT, MARAN, SELVAM	No.(24), (1st) Floor, Room (7/8),Nawaday Street,DagonYangon	
27	JEWEL PALACE TRADING CO., LTD.	AUNG LIN HTIN KYAW MIN HTIN NYI LWIN TIN TIN WIN KHINE WAN	No.(601), (6th) Floor,La Pyi Wun Plaza, No.(37), A Lan Pya Pagoda Road, DagonYangon	
28	JIDO COMPANY LIMITED.	DAW ALE AEE U KYAW SWAR LYNN	No.(4),1st Street, Pyay Road, Mingalardon Garden, Mingalar-don Yangon City,	
29	JULY KO KO TRADING CO.,LTD.	TUN LIN AUNG ZAW MYO AUNG	No.676,Yuzana (5)Street, (25) Quarter,South Dagon Yangon City,	
30	K L T ENTERPRISE LTD.	U Toe Lay Daw Kyi Kyi Mya	No.576, 1st Floor, Strand Road, Lanmadaw T/S, 951-220195 221967 95-09-5008323 trading.klt@gmail.com/toe1964@gmail.com	12/La Ma Ta(N)018630 12/Pa Ba Ta(N) 029621
31	KIP KHANT COMPANY LIMITED.	DAW KYU KYU KHIN DAW MOH MOH SWE OO U THUTA WIN	No.(587),Thazin Street, (22) Ward, Dagon Myothit (South)Yangon City,	
32	LIFE M.M.K COMPANY LIMITED.	U Sa Min Aung U Myint Aung U Kyaw Win	No.(112/2), (29) Street, Latepyar-kan Yonegyi Ward, Bago Town-ship, 09-420254479	14/Ma Ma Na (N)231673 12/Kha Ya Na (N) 107882 12/Ma Ga Ta (N) 079450
33	LINFRA LIMITED.	GABRIEL BOU GEBRAEL MOHAMAD KHALED EL HAFFAR EL HABBAL TIN WINT WINT LWIN	No.(3), Block (2/F),Nawaday Garden Housing,Hlaing Thar YarYangon City,	
34	LINN WAI YAN COMPANY LIMITED.	KHIN MAUNG OO LIN HTUT KO SAN SAN HTAY SAW LWIN	No.(195),6th Floor, Botahtaung Zay Road, Pazundaung Yangon City,	
35	LOTUS WOOD INDUSTRY LIMITED.	AR KHI LIT @ MICKY MR.RAMESH KUMAR SAWARTHIA SAN JAY KUMAR SANKAT MOCHAN SHRIVASTAVA SHIV KUMAR@ NAY WIN KO	No.(1103),Central Tower,Corner of (39th) Street & Anawrahta Road, KyauktadaYangon City,	
36	MANDALAY DA ZHONG COMPANY LIMITED.	MA FEILI MA RONGFU NG LUNG	No.(Nange/4-74),Between(41x 42) Street, Between (62 x 63) Street, Maharmyaing(2) Quarter, Maharaungmyay Mandalay	
37	MYANMAR TOKIWA CORPORATION LTD.	PHONE MYINT AUNG @ MYINT NAING OO THAN NAING	No.(44/B), No.(3)Trunk Road, Pyinmabin Industrial Zone, MingalardonYangon City,	
38	MYANMAR YANGON AXIS COMPANY LIMITED.	DAW SHAung WAIR U SHOUNG WAY	No (4A/10A),Mindama Road, East Kyoe Gone Ward,InseinYangon,	
39	MYAT KYAW KYAW COMPANY LIMITED.	U KYAW THAN	No.(1/133),Sepin Street, Taung Thar Quarter,Pyin Ma Nar Nay Pyi Taw,	
40	N G O M COMPANY LIMITED.	U AUNG YE OO AUNG ZAW TUN MYO LWIN ZAW	No. (122 / 124),(51st) Street, Pazundaung Yangon	
41	NAN HTEIK KHAUNG COMPANY LIMITED.	MYAT THEINGI KYAW MYINT THAN TUN MYO THANT KO NANN HTWE YIN YE KHAUNG TUN	No.(Na-4/87),(62 x 63)Street, Between (41 x 42) Street, Hnin Si Lan Thwe, Mahar Aung Myay Mandalay City,	

စာမျက်နှာ ၉ သို့ »»

»» စာမျက်နှာ ၈ မှ

42	NANG MAY KHAM CO.,LTD.	DAW THEINT THEINT AUNG DAW TIN TIN HTWE	Room(5), Building(7), Myawady Avenue Street, Pha Sa Pa La Ward, Mingalar Taung Nyunt Yangon City,	
43	NYEIN HSU LATT COMPANY LIMITED.	DAW NU NU MOE DAW THAE SU SAN U KYAW SWAR HTWE U THIHA	No.(833), Bo Mue Ba Htoo Street, (133)Ward,East Dagon Myothit Yangon City,	
44	PAN THARAPHI EXCELLENT LIMITED.	KHIN MAR LWIN NYEIN NYEIN PHYO TIN WIN YOON YADANAR LWIN	No.(A4–104), Hninsi Street, Bo Lein Aung Mingalar Ward, Tamwe Yangon City,	
45	PAW LAR CHAN CO., LTD.	DAW CHIN HTWE KIN @ KHIN MOE THWE U CHIN SAN FATT @ U TIN MYINT	No.(285), Bo Sun Pat Street, Pabedan Yangon City,	
46	PSPN HOLDING COMPANY LIMITED.	KYI THEIN	Room No.(602), Building No.(C), Pyinnya Waddy Avenue, Than–lwin Street, (5)Ward, Yankin Yangon City,	
47	PUCE MOE COMPANY LIMITED.	EI PHYO OO U HLA TUN U SOE HTET WIN	No. (27/B),(26)Street, Between (91x92)Street, Hledan Quarter, Aung Myay Thar ZanMandalay City,	
48	PWINT NADI SOE COMPANY LIMITED.	DAW SAN PWINT THU U AUNG THWIN U NYAN SOE	No.(152), Mya Yadanae Street, Toeche Yadanar Tun Pweyonetan Quarter, Mawlamyaing Mon State,	
49	PYAE SHAN WIN COMPANY LIMITED.	DAW WIN KYI U AUNG NAY MYO U AUNG ZAW TUN U HTAY AUNG U KHIN THAUNG	Sakawar Road,No. (5)Quarter, Warbalaukthauk Village,Kaw Tmu Yangon	
50	RAJU INTERNATIONAL TRADING COMPANY LIMITED.	U ZAW NAING	No.(79), Syi Bin Street,(24) Quarter, Dagon Myothit (South) Yangon	
51	RIMO COMPANY LIMITED.	Daw Moh Moh Myint Aung Daw Khin Aye Mu	No.(2830), Aung Mingalar Road, South Dagon Industrial Zone(2), Dagon Myo Thit (South) Town–ship, 09–7310628 09–799803833	12/Ou Ka Ma(N)178604 12/Ou Ka Ma(N)118023
52	ROYAL EVEREST CONSTRUCTION CO.,LTD.	LIN HTIKE KYAW MOE KAY THI MYO WIN ZAW NAY LIN AUNG SAN THEIN	No.(100/B), 28th Street, Middle Block,PabedanYangon City,	
53	ROYAL GOLDEN WORLD COMPANY LIMITED.	DAW ZIN ZIN MYINT U KO KO GYI	Golden Man Hall,Yangon–Man–dalay Main Road, China Su Quarter,Sintkaing Mandalay City,	
54	ROYAL HAP COMPANY LIMITED.	DAW KHING SU THI U SOE SAN LIN	No.(8), Corner of Aye Yeik Mon Road and Yadanar Mon (5)Street, Ward No.(3), HlaingYangon City,	
55	S C Z TRADING CO., LTD.	DAW LWIN LWIN MU DAW WIN WIN AYE U THAN WIN AUNG	No.(170/176), Room(303), 3rd Floor, Bo Aung Kyaw Road, MGW Center, Botataung Yangon	
56	SEA BROTHERS COMPANY LIMITED.	Daw Wai Wai Htay U Thein Soe @ Thein Soe Hla	No.(209), 6th Floor(Left), 37–Street, 5–Ward, Kyauktatar Township, 01–246541 246542	13/Ta Ka Na(N)142480 12/Pa Ba Ta(N) 013700
57	SEAIR LOGISTICS (MYANMAR) COMPANY LIMITED.	U Zayar Soe U Naing Tar Tar Aung	No.54/A, Gabar Aye Pagoda Road, Thura Thati Street, (8) Ward, Mayangone Township, 09–420100690	10/Ma La Ma(N) 172892 14/Pha Pa Na(N) 181163
58	SEE SEINN SAN MINING CO.,LTD.	THAN HTAY THU ZAR THET	No.(116/118, 6/B) ,Bo Myat Tun Street,BotahtaungYangon City,	
59	SEIN FAMILY EXPORT & IMPORT CO.,LTD.	DAW SEIN U AYE SU U CHAUNG SU U HTEIN SU U KYAW MIN OO U KYIN SU U MYAING SU U WE SU	No.(189), Shwe Yin Aye Pagoda Street, Industrial Zone(5) Extension, Hlaing Thar Yar Yangon City,	
60	SHAN SHAN MINING & INDUSTRY CO.,LTD.	DAW YAN KYIN LAN @ DAW SOE SOE WIN DAW YAN KYIN YEE @ DAW MOE MOE WIN DAW ZIN ZIN WIN U KYAW LIN OO U YAN KHAI CHAN U YAN SHOUK HTEN @ U TIN TUN GYI	No.(9/D),Nawarat Lane, Ward No.7,MayangoneYangon City,	
61	SHWE MYINT MON STAR CONSTRUCTION CO.,LTD.	ASO KAN AUNG KYAW AYE KYAW TINT TIN HLA@THAING MA NWAN	No.(1655),Tharlarwadi 4th Street, (14)Quarter,TharkaytaYangon City,	
62	SHWE THARABAR COMPANY LIMITED.	MAUNG MAUNG MOE KYAW SE	No.(608), 15th Floor(A/B), Bo Sun Pat Condo, Corner of Bo Sun Pat Street & Merchant Road, (9) Ward,Pabedan, Yangon City,	
63	SHWE YATI SAN COMPANY LIMITED.	SAN YU THET MIN HTUT	No.(185), The Phyu Chaung Village, Htan Pin Chaung Village Group,Inntakaw Bago City,	
64	SHWE YI MOE HTET TRADING CO.,LTD.	HTAY HTAY NAING YU SONG @ YAN AUNG	No.(90), (10th) Street, Thun Pagoda Quarter,BagoBago City,	
65	SOE PYAE KYAW COMPANY LIMITED.	U Aung Hsan Oo U Nyan Soe U Nay Linn Htet	Room No.(E–10), Highway Bus Station, Myaynigone Ward, Mawlamyaing Township, 09–5321895 09–49800352 09–425317349 soepyaekyaw@yahoo.com	10/ Ma La Ma (N)107295 3/ Pa Ka Na (N)002321 10/ Ma La Ma (N)242052
66	SUN MOON DIAMOND COMPANY LIMITED.	DAW OHOMAR SU U KYAW MYINT U MU NI YAH DI	No.(14/16), 1st Floor, Botahtaung Lane (1)Street, (4)Quarter, BotahtaungYangon	
67	TAT HONG INTRACO HEAVY EQUIPMENT COMPANY LIMITED.	MR. NG SANG KUEY MR. NG SUN HOE MR. YOONG SWIE LEONG MS. YEO SOCK KOON U AUNG MOE KYAW	No.(33),6 1/2 Miles, Pyay Road, (11) Quarter,HlaingYangon City,	
68	TAUNG PAW THU CO., LTD.	DAW NANG WAN LAI U SEIN MYINT	No.(61), Ground Floor (Left), Nyaung Tone Street, Kyauntaw (South) Quarter, Sanchaung Yangon City,	
69	TAW WIN PAN KHWAR NYO COMPANY LIMITED.	DAW NI NI LWIN	Level (2), (3) Floor, Building No (4), Pyay Road, Junction Sqare Complex, (7)Quarter.Kamayut Yangon	
70	THAR YAR CHAN MYAE COMPANY LIMITED.	AUNG MYINT NAING ENOOS @ KYAW THEIN HAFSA @ KHIN MYINT NOOR ARLAM @ HLA MYINT TIN AUNG YE MYINT	No. (181/ 183 / 185), Room– 5(A), (5) Floor, Bo Myat Tun Road, (9)Ward, Botahtaung Yangon City,	
71	THE GYAR MINN FIBRE COMPOSITE COMPANY LIMITED.	DAW EI THINZAR MAUNG U ZAW TOE	No.(222/2223),Ga Yu Nar Street, Ward No.(144), Industrial Zone, Dagon Myo Thit (East)Yangon City,	
72	TWIN & SOE BROTHERS CO, LTD.	U GOBALU @ U SOE THEIN U KHIN MAUNG WIN	No.191, 1st Floor(Right Side), Seikkanthar Street,Kyauktada	
73	WATERSTONE CO.,LTD.	DAW THYNN WYNN AYE DAW WYNN WYNN NYUNT	No.(E–14), New University Avenue Yeikmon, New University Road, BahanYangon City,	
74	WORLD NINE ONE NINE COMPANY LIMITED.	U Kyi Naing U Aung Khin U Tun Naing	No.(106), Socialit (2) Street, Shin Saw Pu Ward, Bago Township, 09–49329399	12/Tha Ka Ta(N)127639 12/Tha Ka Ta (N)008158 9/Ka Sa Na (N)174000
75	YANG & YANG TRADING COMPANY LIMITED.	KYAW SOE KYAW YIN MAY NAN SOE SAI KYAW THAN	No. (761),Aung Thiri Street, (28) Quarter,North Dagon, Yangon	
76	YATI TUN COMPANY LIMITED.	U HAN MYINT (Director) U HAN MYINT (Secretary)	No.(TH–3), Thumingalar Street, Thumingalar Housing, Thingangyun Yangon City,	
77	YOKO SUN COMPANY LIMITED.	DAW NAN HTWE DAW NAN MYA MAY	No.(14/16), Marlar Myaing (9) Street, 16 Ward, Hlaing Yangon City,	
78	ZARNI LINN COMPANY LIMITED.	AUNG WIN AYE SANDAR HTUN SEIN WIN	No.(186/188), Room(6–A), Pan–sodan Middle Block, Kyauktada Yangon	

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

တပ်မတော်ဆေးပညာ နီးနှောဖလှယ်ပွဲမှသည် တပ်မတော်ဆေးတပ်ဖွဲ့၏ဂုဏ်ကို ထွန်းလင်းတောက်ပစေလျက် . . .

ညောင်ဦးဖီး၊ ဓာတ်ပုံ - ဥသာ

မေ ၅ ရက်နှင့် ၆ ရက်တွင် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံ(ခုတင်-၅၀၀)၌ ဆေးပညာနီးနှောပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲတွင် အရိုးတုများဖြင့် လက်တွေ့သရုပ်ပြပြုလုပ်စဉ်။

သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်သည် ပြည်သူထဲမှပေါက်ဖွားလာပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်၊ သွေး၊ ချွေးနှင့် ကိုယ်လက်အင်္ဂါများကို စွန့်လွှတ်စတေးခဲ့ကြရသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာ ထိပါးမှုတွင် အရေးကြုံသည့်အခါတိုင်း သမိုင်းပေးတာဝန်ကို မမှိတ်မသုန် ထမ်းဆောင်ခဲ့ကြသည်။

တပ်မတော်၏ သမိုင်းဖြစ်စဉ်များ

တပ်မတော် ဆေးတပ်ဖွဲ့ဝင်များသည်လည်း လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ တပ်မတော်၏ သမိုင်းဖြစ်စဉ်များတွင် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ တပ်မတော်ကိုလည်း စွမ်းရည်ပြည့်ဝသော အင်အားခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်ကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆေးတပ်ဖွဲ့သည် အစဉ်အလာရှိခဲ့သည်နှင့် အညီ ခေတ်အဆက်ဆက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ကမ္ဘာဦးအစ သက်ရှိလူသားတို့တွင် အသိဉာဏ်နှင့် အသိစိတ်ဖြစ်တည်လာခဲ့သည်နှင့်တစ်ပြိုင်နက်တည်း ဆေးကုသခြင်းအတတ်ပညာသည်လည်း ပေါ်ပေါက်လာခဲ့သည်ဟု ဆိုနိုင်သည်။ အစားအစာများကို မှန်ကန်စွာရွေးချယ်ပြုပြင် စားသောက်တတ်လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ကွဲပြားနေသော လူသားမျိုးနွယ်စုချင်း တိုက်ခိုက်ရာတွင်ဖြစ်စေ၊ သားရဲတိရစ္ဆာန်ကြောင့်ဖြစ်စေ ရရှိသော ထိခိုက်ကျိုးပဲ့ဒဏ်ရာများကို ကုသတတ်လာခဲ့ကြသည်။ မြန်မာနိုင်ငံအလယ်ပိုင်း ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် လူဟူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာစစ်ဆေးကြည့်ရာ၌ လွန်ခဲ့သောနှစ်သန်းပေါင်း ၄၀ သက်တမ်းရှိကြောင်း တွေ့ရှိရသောကြောင့် မြန်မာ့ဆေးပညာသည်လည်း ထိုကာလကပင် အစပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုမှ ခေတ်အဆက်ဆက်ဖြတ်သန်းလာရာ၌ ဆေးဝါးကုသခြင်း အတတ်ပညာသည်လည်း ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ ယခုဆိုလျှင် DNA နည်းပညာဖြင့် လူသားကိုယ်ပွားများ ဖန်တီးလာနိုင်သည့်အပြင် ကုသရေးပိုင်းတွင်လည်း ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်း ပုံသဏ္ဌာန်အတိုင်း အစားထိုးအသုံးပြုနိုင်သည်အထိ ပြောင်းလဲတိုးတက်လာလျက်ရှိသည်။

ရှေးမင်းများလက်ထက်က ဆေးဝါးအတတ်ကို ကျွမ်းကျင်သူများသည် တိုင်းနိုင်ငံနှင့် မင်းဇကရာဇ်တို့၏ အမှုတော်ကို ထမ်းရွက်ခဲ့ကြကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ မဟာရာဇဝင်ကြီးတွင် ပါရှိသော ပဋ္ဌာတကောင်းပြည်ကို တည်ထောင်ခဲ့သော သတိုးဇမ္ဗူ ဒီပဓရာဇာသည် သုခမိန်ပညာရှိ၊ မှူးတော်မတ်တော်၊ လက်ဝဲလက်ယာအမှုထမ်း အရာထမ်း၊ ဆင်သည်၊ မြင်းသည်၊ ခြေသည် သူဌေးသူကြွယ်၊ ပုဏ္ဏားဟူးရား၊ ဆေးသမား၊ လက်သမားတို့အား တစ်ထောင့်ခြောက်ဆယ်သော အမည်ဘွဲ့ပုံတို့ကို ပေးတော်မူသည်ဟု အမှတ်အသားစကားရှိခဲ့သည်။

ရှေးမြန်မာတို့လက်ထက်တွင် ဆေးပညာသင်ကြားခြင်း၏ ဗဟိုဌာနများသည် ဆေးပညာနှင့် စစ်ပညာကို တွဲဖက်သင်ကြားပေးသော ပွဲကျောင်းဟုခေါ်ဆိုသည့် ဘုန်းတော်ကြီးကျောင်းများ ဖြစ်သည်။ ဂါမဝါသီပွဲကျောင်းများတွင် စစ်ရေးအတတ်ပညာများအပြင် လောကီအသက်မွေးမှုအတတ်ပညာဖြစ်သော ဗိန္ဓော၊ ဓာတ်စာ၊ နက္ခတ်၊ ဘုရင်ဂျီ၊ ပယောဂဟူ၍ ငါးမျိုးကို သင်ကြားရလေ့ရှိသည်။ မြန်မာ့သမိုင်းတွင် နယ်ချဲ့ကိုလိုနီအားလက်နက်စွဲကိုင်၍ တော်လှန်တိုက်ခိုက်ခဲ့သူတို့တွင် ဆေးပညာဖြင့်အသက်မွေးသော သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ ဆရာစံလည်း ပါဝင်ခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ထိုင်းနိုင်ငံဘန်ကောက်၌ စတင်ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် စစ်ကြောင်းကြီး သုံးကြောင်းဖြင့် ဝင်ရောက်ခဲ့စဉ် ထားဝယ်မြို့တွင် စစ်မဖြစ်မီက ရှိခဲ့သော သူနာပြုတပ်ဖွဲ့သည် ထားဝယ်စစ်ကြောင်းသို့ ပထမဆုံးဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့သို့ ၁၉၄၂ ခုနှစ် မတ် ၂၉ ရက်တွင် ရောက်ရှိကြပြီး အရာရှိတစ်ဦးနှင့် သူနာပြုရဲဘော် ၂၀ ခန့်သည် ဗမာ့လွတ်လပ်ရေး တပ်မတော်ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ တပ်ခွဲမှူး၊ တပ်စုမှူး အရာရှိနှင့် တပ်စု နှစ်ခုခန့် သူနာပြုတပ်ဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးချီတက်လာသော ရန်ကုန်မှ အထက်ဗမာပြည် ချီတက်တိုက်ခိုက်ရေးတပ်များ၏ စစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်ခဲ့ကြသည်။ ယင်းသည် မြန်မာ့တပ်မတော်၏ ဆေးတပ်ဖွဲ့သမိုင်းအစဟု ဆိုရမည်ဖြစ်သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်ဆေးရုံ

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့်အတူ တပ်မတော်ဆေးတပ်ဖွဲ့သည် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ မျိုးချစ်စိတ်ရှိသော ဆရာဝန်နှင့် ဆေးကျောင်းသားများသည်လည်း မျိုးချစ်စိတ်ထက်သန်စွာဖြင့် မိမိတို့နှင့်နီးစပ်ရာတပ်ဖွဲ့များသို့ ဝင်ရောက်၍ တပ်မတော်နှင့် ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ဆေးရုံ၊ ရန်ကုန်၏ ဆေးရုံအုပ်အဖြစ် ဒေါက်တာဦးဘသန်း MB (Cal.), FRCS (Edin), FACS, FICS(USA) ဖြစ်သည်။ ဘီအိုင်အေဖျက်သိမ်းပြီးနောက် ဂျပန်ခေတ်တစ်လျှောက်တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဗုံးဆန်များကြားမှ သက်စွန့်ကြိုးပမ်းဆေးကုသမှုလုပ်ငန်းများကိုလည်းကောင်း၊ LSMB ဆေးပညာသင်ကြားရေး လုပ်ငန်းများကိုလည်းကောင်း ထမ်းဆောင်ခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်ခေတ်တွင် တပ်မတော်စစ်ဆေးရုံများကို ဖွင့်လှစ်နိုင်ခဲ့သည်။

ဆေးတပ်ဖွဲ့များ

စစ်ဝန်ကြီးရုံး၊ ဆေးဘက်ဌာန၊ ရန်ကုန်စစ်ဆေးရုံ၊ မန္တလေးစစ်ဆေးရုံ၊ ပျဉ်းမနားစစ်ဆေးရုံ၊ ပဲခူးစစ်ဆေးရုံနှင့် အနောက်တိုင်းစစ်ဌာနချုပ်ဖြစ်သော အောင်လံ၊ ပြလို့စခန်းဆေးရုံတို့ကို ဖွင့်လှစ်ခဲ့သည်။ စစ်ဝန်ကြီးဆေးရုံ၊ ဆေးဘက်ဌာန စတင်ဖွင့်လှစ်စဉ်က ခေတ္တဆေးမှူးချုပ်မှာ ဗိုလ်ကြီးမောင်မောင် (အဘ မောင်မောင်)ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ဗိုလ်လက္ခ်ာထံမှတစ်ဆင့် ဗိုလ်မှူးမောင်မောင်ကြီး ရောက်ရှိပြီး အဘမောင်မောင်ထံမှ ဆေးမှူးချုပ်တာဝန်ကို လွှဲပြောင်းလက်ခံခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးမရမီ မျိုးချစ်ဗမာ့တပ်မတော်၊ အသစ်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ဆေးတပ်ဖွဲ့သည် အရေးပါသော အခန်းကဏ္ဍတွင် တပ်မတော်နှင့် ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ်တွင် တည်ရှိခဲ့သော ဆေးတပ်ဖွဲ့များကို လွတ်လပ်ရေးမရမီ ပြန်လည်ဖွဲ့စည်းခဲ့ပြီး အသက်၊ သွေး၊ ချွေး၊ ကိုယ်လက်အင်္ဂါများ စွန့်လွှတ်မှုဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကာ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင်လည်း ဆေးတပ်ဖွဲ့ဝင်များသည် တတ်ကျွမ်းသည့်ပညာဖြင့် အလုပ်အကျွေးပြုကာ သူရသတ္တိကို ပြသခဲ့ကြသည်။

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဆေးတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းမှုဖြင့် တပ်မတော်၏ ဆေးပညာစွမ်းရည်သည် တိုးတက်လာခဲ့သည်။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ ဗဟိုဆေးတပ်(မင်္ဂလာဒုံ)၊ တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၊ အမှတ်(၁) အခြေချစစ်ဆေးရုံ(ခုတင်-၇၀၀)မေမြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)မိတ္ထီလာ၊ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) ရန်ကုန်၊ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)ပြည်မြို့၊ အမှတ်(၁)ရှေ့တန်းအခြေချစစ်ဆေးရုံ(ခုတင်-၇၅) ဗထူး၊ အမှတ်(၁) စစ်မြေပြင်ဆေးရုံ(ခုတင်-၁၀၀) လားရှိုး၊ အမှတ်(၂)နယ်လှည့်ခွဲစိတ်နှင့် ဓာတ်မှန်ရိုက်တပ် (မင်္ဂလာဒုံ)၊

စာမျက်နှာ ၁၁ သို့

> **“ မြန်မာနိုင်ငံအလယ်ပိုင်း ပုံတောင်ဒေသမှ ရှာဖွေတွေ့ရှိသည့် လူဟူပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာစစ်ဆေးကြည့်ရာ၌ လွန်ခဲ့သောနှစ်သန်းပေါင်း ၄၀ သက်တမ်းရှိကြောင်း တွေ့ရှိရသောကြောင့် မြန်မာ့ဆေးပညာသည်လည်း ထိုကာလကပင် အစပြုခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုမှခေတ်အဆက်ဆက်ဖြတ်သန်းလာရာ၌ ဆေးဝါးကုသခြင်း အတတ်ပညာသည်လည်း ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှာ ယခုဆိုလျှင် DNA နည်းပညာဖြင့် လူသားကိုယ်ပွားများ ဖန်တီးလာနိုင်သည့်အပြင် ကုသရေးပိုင်းတွင်လည်း ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်း ပုံသဏ္ဌာန်အတိုင်း အစားထိုးအသုံးပြုနိုင်သည်အထိ ပြောင်းလဲတိုးတက်လာလျက်ရှိ ”**

✪ စာမျက်နှာ ၁၀ မှ

အမှတ်(၁)နယ်လှည့်ဆေးတပ်ရင်း၊ အမှတ်(၁၃၁) စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ်(၂၃၂)စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ်(၃၃၃) စစ်မြေပြင်ဆေးတပ်ရင်း၊ အမှတ် (၄၃၄) စစ်မြေပြင် ဆေးတပ်ရင်း၊ အမှတ်(၅၃၅) စစ်မြေပြင် ဆေးတပ်ရင်း၊ အမှတ်(၁) ၄က်ဖျားနှင့် ကျန်းမာရေးတပ်(မော်ဘီ)၊ အမှတ်(၁) အခြေချ ဆေးသိုလှောင်ရေးတပ်၊ အမှတ် (၁) ရှေ့တန်းအခြေချ ဆေးသိုလှောင်ရေးတပ်၊ ကျောက်ကပ်တုတပ် (မင်္ဂလာဒုံ)၊ အမှတ်(၂) နာလန်ထဝခန်း(ခုတင်-၂၀၀)၊ ခြေတုလက်တုအလုပ်ရုံ၊ အမှတ်(၁)အဆုတ်ရောဂါ တိုက်ဖျက်ရေးနှင့် နယ်လှည့်ဓာတ်မှန်ရိုက်တပ်၊ သွားဆေးကုဌာနတို့ကို မြန်မာ့တပ်မတော် ဆေးတပ်ဖွဲ့သည် တပ်ပေါင်း ၂၃ တပ်ကို တိုးချဲ့ တည်ဆောက်မှုဖြင့် နည်းပညာ၊ ပစ္စည်းကိရိယာနှင့် အဆောက်အအုံများ အသစ်တိုးပွားလာမှုဖြင့် ဆေးတပ်ဖွဲ့၏ တာဝန်နှင့်လမ်းစဉ်ကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ စစ်မြေပြင် ဆေးအကာအကွယ်ပေးခြင်းနှင့် ပြည်သူတို့ကို ကုသမှုပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းတို့သည် မြန်မာ့တပ်မတော်နှင့် ဆေးတပ်ဖွဲ့၏ ဆေးပညာ စွမ်းရည်တို့ကို ဂုဏ်သတင်းသင်းပျံ့စေခဲ့သည်။

ဆေးအကာအကွယ်ပေးရေးလုပ်ငန်းများ

၁၉၈၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအစိုးရလက်ထက်တွင် တပ်မတော်အင်အား ရှိမှ တိုင်းပြည်အင်အားရှိမည် ဆောင်ပုဒ်နှင့်အညီ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်ဖြစ်စေ ရေးအတွက် တပ်မတော်ကိုတိုးချဲ့ဖွဲ့စည်းခဲ့ရာတွင် တပ်မတော်တစ်ရပ်လုံး ဆေးအကာအကွယ်ပေးရေး လုပ်ငန်းများ ပိုမိုထက်မြက်မြင့်မားလာစေရေး အတွက် ဆေးရုံ၊ ဆေးတပ်ရင်းတို့ကိုလည်း ပြင်ဆင် တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ထိုသို့တိုးချဲ့ဖွဲ့စည်းမှုနှင့်အတူ တပ်မတော် ဆေးတပ်ဖွဲ့၏ ကုသမှုစွမ်းရည် ထက်မြက်မြင့်မား ရေးစွမ်းဆောင်မှုတစ်ရပ်အဖြစ် နိုင်ငံတကာအဆင့်မီ ဆေးပညာလုပ်ငန်းများဖြစ်သော နှလုံးရောဂါရှာဖွေ ကုသခြင်းနှင့် ခွဲစိတ်ကုသခြင်း၊ အတွင်းကြည့် မှန်ပြောင်းနှင့် ဝမ်းဗိုက်အတွင်း ရောဂါရှာဖွေ ကုသခြင်းနှင့် ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ ရှာဖွေကုသခြင်း၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းဆိုင်ရာရောဂါ များ ရှာဖွေခြင်းနှင့် ခွဲစိတ်ကုသခြင်း၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ ခွဲစိတ်ကုသခြင်း၊ မျက်စိရောဂါကုသခြင်း၊ ဒူးဆစ်ပေါင်ဆစ် အစားထိုး ခွဲစိတ်ကုသခြင်းတို့ကို နိုင်ငံတကာအဆင့်မီ ဆေးပညာ ရပ်များဖြင့် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး

အလုပ်ရုံဆွေးနွေးပွဲ၌ အရိုးတုများဖြင့် လက်တွေ့ခွဲစိတ်သရုပ်ပြစဉ်။

အတွက် အလုပ်အကျွေးပြုခဲ့ကြသည်။

ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများ

တပ်မတော်ဆေးတပ်ဖွဲ့သည် ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းတို့တွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၊ ပြန်လည်သန်စွမ်းရေးလုပ်ငန်းများ ကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ သည်။ ဆေးပညာရပ်တွင် သုတေသနလုပ်ငန်းသည် အထူးအရေးပါသောကြောင့် သုတေသနဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍတွင် တပ်မတော်ဆေးသုတေသန နှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများကို ပြုလုပ် ခဲ့သည်။

ပထမအကြိမ် မြန်မာ့တပ်မတော်ဆေးပညာရပ် ဆိုင်ရာနီးနှောဖလှယ်ပွဲကို ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ကျင်းပခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ် သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခဲ့ရာ ၂၀၀၁ ခုနှစ် (၁၁)ကြိမ်မြောက်တွင် ဘာသာရပ် ဆိုင်ရာ စာတမ်းပေါင်း (၅၄၇)စောင် ဖတ်ကြား တင်သွင်းခဲ့ပြီး သုတေသနဆိုင်ရာ ပိုစတာ (၄၁) စောင် ခင်းကျင်းပြသနိုင်ခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးပြခန်းများ

ယခုအခါ(၂၉)ကြိမ်မြောက် ဆေးပညာဆိုင်ရာ နီးနှောဖလှယ်ပွဲကြီးကို မေ ၉ ရက်မှ ၁၁ ရက်အထိ မင်္ဂလာဒုံမြို့နယ် အရိုးရောဂါအထူးကုဆေးရုံ (ခုတင်-၅၀၀) တွင် နိုင်ငံတကာအဆင့်မီ ကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးပညာ နီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ ဆေးသုတေသန စာတမ်းဖတ်ပွဲ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် အထူးဘာသာရပ်များအလိုက် ကျင်းပခဲ့သော စာတမ်းဖတ်ပွဲများတွင် တပ်မတော် ဆေးတပ်ဖွဲ့ဝင် သုတေသီပညာရှင်များပါဝင်၍ စာတမ်းများ ဖတ်ကြားခဲ့ကြသည်။ (၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာဆိုင်ရာ နီးနှောဖလှယ် ပွဲတွင် မြန်မာ့တိုင်းရင်းဆေးပြခန်းများကို ပထမဦး ဆုံးအကြိမ်အဖြစ် ထည့်သွင်းပြသခဲ့သည်။ တပ်မတော်ဆေးတပ်ဖွဲ့သည် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ဘာသာရပ်အလိုက် ကုသရေးဆိုင်ရာများ လေ့ကျင့်သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများပါဝင်သည့် Journal of Myanmar Military Medicine ကို ၁၉၉၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ စဉ်ဆက်မပြတ် ထုတ်ဝေခဲ့သော ကြောင့် မြန်မာ့တပ်မတော်၏ တပ်မတော် ဆေးတပ်ဖွဲ့သည် ကုသရေးနှင့် သုတေသနလုပ်ငန်း များအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းလုပ်ဆောင် နိုင်မှုကို ပြသလျက်ရှိသည်။

မြန်မာ့တပ်မတော်သည် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်သူ့မှပေါက်ဖွားသော တပ်မတော်သားများ ဖြစ်သည်နှင့်အညီ နိုင်ငံနှင့်လူမျိုးအတွက် ပေးဆပ် ခဲ့ကြရသည်။ ထိုသို့ပေးဆပ်မှုများတွင် တပ်မတော် ဆေးရုံနှင့် ဆေးတပ်ဖွဲ့တို့လည်း ပါဝင်ခဲ့ကြသည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးကို ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်နေ ကြသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်သူများ ထိခိုက်ဒဏ်ရာရရှိပါက ကုသရေး ပိုင်းတွင် တပ်မတော်ဆေးတပ်ဖွဲ့သည် အဓိက အခန်းကဏ္ဍတွင် အရေးပါလျက်ရှိသည်။ ကိုယ်ခန္ဓာ ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာရရှိမှုတို့တွင် ကုသရေးပိုင်းသည် အရေးကြီးလျက်ရှိရာ အထူး သဖြင့် အရိုး၊ အသား၊ သွေးကြောတို့ဖြင့်ဖွဲ့စည်း ထားသော လူ့ခန္ဓာကိုယ်တွင်း၌ အရိုးသည် သွားလာ လှုပ်ရှားမှုအတွက် အထူးအရေးပါလျက်ရှိသည်။

ခေတ်မီနည်းပညာနှင့် ကုသရေးပိုင်းဆိုင်ရာ ပညာရပ်များ

ကမ္ဘာ့နိုင်ငံတိုင်းတွင် နိုင်ငံအတွက် တပ်မတော် များဖွဲ့စည်းထားရှိပြီး တပ်မတော်အသီးသီးတွင် တပ်မတော်ဆေးရုံနှင့် ဆေးတပ်ဖွဲ့ကိုယ်စီ ထားရှိကြ သည်။ ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်လာသော အိုင်တီခေတ်တွင် တီထွင်ထုတ်လုပ်သောလက်နက် များနည်းတူ ဆေးပညာသည်လည်း တစ်နေ့ထက် တစ်နေ့ ခေတ်မီတိုးတက်လျက်ရှိသည်။ ယနေ့ ကမ္ဘာသည် နည်းပညာဖြင့် အပြိုင်ရှင်သန်နေသော ကြောင့် အမိနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွင် တီထွင်ကြံဆမှုများ အထူးလိုအပ်သည့်နည်းတူ ကျန်းမာရေးကဏ္ဍတွင် သုတေသနလုပ်ငန်းသည် အထူးလိုအပ်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတွင် တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် ဆိုစကားနှင့်အညီ တပ်မတော်အင်အားရှိရန်လိုအပ်သည်။ ထို့ကြောင့် ပြည်သူနှင့် တပ်မတော်သားများ၊ မိသားစုဝင်များ၏ ကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာကုသမှုတို့သည် အရေးပါလျက်ရှိသည်။ ထိခိုက်ဒဏ်ရာရရှိပါက မြန်ဆန်စွာကုသနိုင်မှုသည် ပြန်လည်တာဝန် ထမ်းဆောင်ရန် အထောက်အပံ့ဖြစ်စေလျက်ရှိရာ ကုသရေးပိုင်းတွင် ခေတ်မီနည်းပညာနှင့် ကုသရေး ပိုင်းဆိုင်ရာ ပညာရပ်များစွာ အစဉ်လိုအပ်နေမည် ဖြစ်သည်။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဘွဲ့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်း မိန့်ခွန်းတွင် "တိုက်ပွဲဝင်စစ်သည်တိုင်း ကျန်းမာ ကြံ့ခိုင်ပြီး စိတ်ဓာတ်မြင့်မားနေမှသာ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင် နိုင်မှာဖြစ်ပြီး ရဲဘော်တို့လို အရာရှိဆရာဝန်တွေရဲ့ ကျွမ်းကျင်မှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေဟာ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားရေး အတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြု လျက်ရှိတယ်ဆိုတာကို ရဲဘော်တို့ သိရှိနားလည် ထားဖို့ လိုမှာဖြစ်တယ်"ဟူ၍ လမ်းညွှန်မိန့်ကြား ခဲ့ခြင်းဖြစ်သည်။ ထိုသို့ လမ်းညွှန်မှုနှင့်အညီ (၂၉) ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာ နီးနှောဖလှယ်ပွဲကြီးကို ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်- ၅၀၀)တွင် မေ ၉ ရက်မှ ၁၁ ရက်အထိ ပြည်ပမှ အရိုးရောဂါဆိုင်ရာ ပါရဂူများကိုယ်တိုင် ဆွေးနွေးပို့ချမှုဖြင့် တပ်မတော်ဆေးတပ်ဖွဲ့သည် အရိုးရောဂါဆိုင်ရာကုသရေးတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းကုသနိုင်မည့် ဆေးတပ်ဖွဲ့၏ဂုဏ်ကို ပြသနိုင်ခဲ့ပြီဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

"ကမ္ဘာ့နိုင်ငံတိုင်းတွင် နိုင်ငံအတွက် တပ်မတော်များဖွဲ့စည်းထားရှိပြီး တပ်မတော်အသီးသီးတွင် တပ်မတော်ဆေးရုံနှင့် ဆေးတပ်ဖွဲ့ကိုယ်စီ ထားရှိကြသည်။ ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်လာသော အိုင်တီခေတ်တွင် တီထွင်ထုတ်လုပ်သောလက်နက်များနည်းတူ ဆေးပညာသည်လည်း တစ်နေ့ထက်တစ်နေ့ ခေတ်မီတိုးတက်လျက်ရှိသည်။ ယနေ့ကမ္ဘာသည် နည်းပညာဖြင့် အပြိုင်ရှင်သန်နေသောကြောင့် အမိနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွင် တီထွင်ကြံဆမှုများ အထူးလိုအပ်သည့်နည်းတူ ကျန်းမာရေးကဏ္ဍတွင် သုတေသနလုပ်ငန်းသည် အထူးလိုအပ်လျက်ရှိ"

နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်

နေပြည်တော် မေ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၂၄ ကျောင်းတို့တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ် သင်တန်းများကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဖွင့်လှစ်ခဲ့ရာ ဘားအံမြို့သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မုဒုံမြို့သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပုသိမ်မြို့သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကျိုင်းတုံမြို့သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ခရိုင်/မြို့နယ်မှတာဝန်ရှိသူများ အသီးသီးတက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းသို့ သင်တန်းသူစုစုပေါင်း ဂ၆၄ ဦးတက်ရောက်၍ မေ ၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၃၄၆၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပုသိမ်မြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ကယားပြည်နယ်အတွင်း ယာယီတိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လွိုင်ကော် မေ ၉

ကယားပြည်နယ်အတွင်း ယာယီတိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ယာယီတိုက်ပွဲရှောင်ပြည်သူများ နေ့စဉ်ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိရာ ပြည်သူများ၏ လုံခြုံရေး၊ လတ်တလောကာလ စားဝတ်နေရေး အဆင်ပြေစေနိုင်ရေး၊ ပျက်စီးသွားသော နေအိမ် အဆောက်အအုံများ ပြန်လည်ပြုပြင်ပေးရေး၊ တောင်သူများ စိုက်ပျိုးရေးကာလအမီ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး၊ မိုးစပါးနှင့် မိုးနေကြာ မျိုးစေ့များနှင့် ဓာတ်မြေသြဇာများ အချိန်မီဖြန့်ဝေပေးနိုင်ရေး၊ သတ်မှတ်ကာလတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံနိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိနိုင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်က ပြည်နယ်၏ လုံခြုံရေးကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူးတို့က နေရပ်ပြန်ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ဆောင်ရွက်ပေးထားသည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာအသီးသီးက ပြည်သူများ မိမိနေရပ်တွင်ပြန်လည်နေထိုင်ရာတွင် စိုက်ပျိုးရာသီကာလအမီ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် ဌာနအလိုက် ကဏ္ဍအသီးသီးတွင် ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာသော ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများ ပြန်လည်ဝင်ရောက်မည့် အခြေအနေများ၊ လိုအပ်ချက်များကို တင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၉

(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော် အရိုးရောဂါအထူးကု ဆေးရုံကြီး(ခုတင်-၅၀၀)တို့၌ OnlineHybrid စနစ်ဖြင့် တစ်ပြိုင်နက်တည်းကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ၊ တပ်မတော်ဆေးသုတေသန နှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ နိုင်ငံတကာမှဆေးပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် (၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

ဆွေးနွေး

ထို့နောက် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် Building Resilience for Healthcare: Sharing Success Story and Challenges from Consequences of COVID-19 Pandemic: Cognitive, Affective and Mental Health၊ COVID-19 and Acute Kidney Injury၊ COVID-19 Infection in Children: Practice Essentials၊ Role of Surgery in Chronic Liver Diseases: Where are We Now?၊ Current and Future Place of Radiology in the COVID-19 Management၊ Peculiar Presentations of Diabetes Mellitus၊ Long COVID Syndrome: Impact၊ Recent Update in Orthopaedic Surgery: Military Perspective နှင့် Special Talk သုံးခုတို့ကို ဆွေးနွေးကြသည်။

ထို့ပြင် သုတေသနစာတမ်းများအဖြစ် သားဖွားနှင့် မီးယပ်ရောဂါပညာ၊ နား၊ နှာခေါင်း၊ လည်ချောင်း ကုသမှုပညာ၊ ခွဲစိတ်ပညာ၊ သူနာပြုပညာ၊ အဏုဇီဝဗေဒ စသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းစုစုပေါင်း ၂၀ တို့ကို ပါဝင်ဖတ်ကြားတင်သွင်းကြသည်။

တက်ရောက်

နှီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူများအနေဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ၁၅၅ ဦးနှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်- ၅၀၀)တွင် ၂၃၁ ဦး စုစုပေါင်း ၃၈၆ ဦးတက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု(အရာရှိ)နှင့် သူနာပြု စုစုပေါင်း ၅၄၇ ဦး တက်ရောက်ကြသည်။

အဆိုပါ(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို မေ ၁၁ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးပွဲများပြန်လည်စတင်လိမ့်မည်ဟုမျှော်လင့်ရကြောင်း တောင်ကိုရီးယားသမ္မတမွန်ဂျေအင်း ပြောကြား

ဆိုးလ် မေ ၉

ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးပွဲများ ပြန်လည်စတင်ရန်နှင့် နျူကလီးယားကင်းစင်ရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ရကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောကြားသည်။

တောင်ကိုရီးယားသမ္မတမွန်ဂျေအင်းသည် ၎င်း၏သမ္မတသက်တမ်း ငါးနှစ်မကုန်ဆုံးမီ နာရီပိုင်းအလိုဖြစ်သည့် မေ ၉ ရက်နံနက်ပိုင်းတွင် ပြောကြားခဲ့သည့် နှုတ်ဆက်မိန့်ခွန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံရေးနှင့်စပ်လျဉ်း၍ တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲကို အသုံးချကာ ကိုရီးယားကျွန်းဆွယ်စစ်ပွဲအကျပ်အတည်းကို တွေ့ဆုံဆွေးနွေးရေးအဆင့်သို့ ပြောင်းလဲနိုင်ခဲ့ကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားနှင့် ဒုံးကျည်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြင့်လုပ်ဆောင်နေသည်ကို တွေ့ရှိရကြောင်း၊ တောင်ကိုရီးယားနိုင်ငံ ရွေးကောက်ခံသမ္မတ ယွန်ဆက်ယိုးလ်၏ အစိုးရအနေဖြင့် ကိုရီးယားနိုင်ငံအကြား ဆက်ဆံရေးများကို တိုးမြှင့်စေရေး နည်းလမ်းများကို ဆက်လက်လုပ်ဆောင်စေလိုကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက တိုက်တွန်းပြောကြားခဲ့သည်။

ကိုးကား – အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် – အလင်းသစ်

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၅၃ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၉

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၅၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၄၅၆၇၃၆ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၁၅၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် နှစ်ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူလေးဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၅၈၃ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၈၆၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၀၇၅၀ ဦး ရှိလာကြောင်းနှင့်လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၂၂၅၅၆ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၁ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

မွန်ဂိုလီးယားနိုင်ငံတောင်ပိုင်း အန်နူဂိုဘီပြည်နယ်၌ သစ်တောပြုန်းတီးမှုကာကွယ်ရန် သစ်ပင် သန်း ၇၀ စိုက်ပျိုးမည်

အူလန်ဘာတာ မေ ၉

မွန်ဂိုလီးယားနိုင်ငံ တောင်ပိုင်းပြည်နယ်ဖြစ်သည့် အန်နူဂိုဘီ၌ သစ်တောပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် ၂၀၃၀ ပြည့်နှစ်အရောက်တွင် သစ်ပင်အရေအတွက် အနည်းဆုံး သန်း ၇၀ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြောကြား

မိမိတို့ပြည်နယ်အတွင်း ၂၀၃၀ ပြည့်နှစ်၌ သစ်ပင်အရေအတွက် အနည်းဆုံးသန်း ၇၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး ယခုအစီအစဉ်သည် မွန်ဂိုလီးယားသမ္မတ ယူနာကာရီဆက်က ချမှတ်ထားသည့် အမျိုးသား သစ်ပင်စိုက်ပျိုးရေးအစီအစဉ်၏လုပ်ငန်းမူဘောင်ကို အခြေခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အန်နူဂိုဘီပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး နာဆန်ဘူရန်က ပြောကြားသည်။

ယခုဆောင်ရွက်မည့်အစီအစဉ်အရ အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး သစ်ပင်ကိုးပင် စိုက်ပျိုးရမည်ဖြစ်သည်။ ယမန်နှစ်က စတင်ချမှတ်ခဲ့သည့် အဆိုပါ အမျိုးသား သစ်ပင်စိုက်ပျိုးရေးအစီအစဉ်သည် နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောပြုန်းတီးမှုကို တိုက်ဖျက်ရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံတွင် သမ္မတယူနာကာရီဆက်က ပြောကြားသည်။ နိုင်ငံပိုင်မြေ ၇၇ ရာခိုင်နှုန်း၌ သစ်တောပြုန်းတီးမှု များဖြစ်ပွားနေသည်ကို တွေ့ရှိရသည်ဟု မွန်ဂိုလီးယားနိုင်ငံ ပတ်ဝန်းကျင်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။ မွန်ဂိုလီးယားနိုင်ငံ ဂိုဘီသဲကန္တာရအတွင်း တည်ရှိသည့် အန်နူဂိုဘီပြည်နယ်သည် သစ်တောပြုန်းတီးမှုဒဏ် အများဆုံးခံစားနေရသည့်ပြည်နယ်ဖြစ်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

ဗီယက်နမ်နိုင်ငံက ပင်လယ်စာပို့ကုန်များ တရုတ်နိုင်ငံသို့ အများအပြားတင်ပို့ရောင်းချခဲ့

ဟန္မိုင်း မေ ၉

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ဧနခေါရီလမှ ဧပြီလအတွင်း တရုတ်နိုင်ငံသို့ ပင်လယ်စာတင်ပို့ရောင်းချခြင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာပို့ကုန် တင်ပို့ရောင်းချသူနှင့် ထုတ်လုပ်သူများဆိုင်ရာ အဖွဲ့အစည်းက ပြောကြားသည်။

တင်ပို့ရောင်းချခဲ့

ထိုကာလအတွင်း ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ပင်လယ်စာ ၃၂ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံသို့ ၂၄ ဒသမ ၅ ရာခိုင်နှုန်း တင်ပို့ရောင်းချခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီ၏ ပြောကြားချက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် ယခင်က ပင်လယ်စာ ထုတ်ကုန်များအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့သော်လည်း လက်ရှိအချိန်၌ ပင်လယ်စာထုတ်ကုန်စျေးကွက် ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာပို့ကုန်တင်ပို့ရောင်းချသူနှင့် ထုတ်လုပ်သူများဆိုင်ရာ အဖွဲ့အစည်းမှ တာဝန်ရှိသူလီဟန်းက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ ပင်လယ်စာ ထုတ်ကုန်တင်ပို့ရေး လမ်းကြောင်းများ ချို့ယွင်းမှုဖြစ်ခဲ့သော်လည်း ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံရှိ ပင်လယ်စာ တင်ပို့ရောင်းချသူများသည် ယမန်နှစ်ကထက် ပင်လယ်စာထုတ်ကုန်များကို အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

အဓိကစျေးကွက်များဖြစ်လာမည်

လာမည့်လများအတွင်း တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံ၏ ပင်လယ်စာတင်ပို့ရောင်းချရာ အဓိကစျေးကွက်များဖြစ်လာမည်ဟုလည်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာပို့ကုန် တင်ပို့ရောင်းချသူနှင့် ထုတ်လုပ်သူများဆိုင်ရာ အဖွဲ့အစည်းက ခန့်မှန်းထားသည်။ ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ပင်လယ်စာတင်ပို့ရောင်းချခြင်း မှ ၂၀၂၁ ခုနှစ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံနီးပါးရရှိခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇ ဒသမ ၅ သန်းကျော် ရှိလာ

ဆိုးလ် မေ ၉

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၆၀၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၇၅၆၄၉၉၉ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက မေ ၉ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၃၄၀၀ ရှိလာကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၅၅၅၁ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၁၇၅၅၁ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၇ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတတိယအကြိမ် အပိုဆောင်းထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

အီသီယိုးပီးယားနိုင်ငံ၌ ဆိုက်ဘာမှုခင်း ၅၈၅၆ မှု ဖြစ်ပွား

အဒစ်အဘာဘာ မေ ၉

အီသီယိုးပီးယားနိုင်ငံ၌ ယခုဘဏ္ဍာနှစ်အတွင်း ဆိုက်ဘာမှုခင်း ၅၈၅၆ မှု ဖြစ်ပွားခဲ့ကြောင်း အီသီယိုးပီးယားသတင်းအချက်အလက် လုံခြုံရေးအေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဆော်လမွန်ဆိုကာက ပြောကြားသည်။

နိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် ဆိုက်ဘာမှုခင်းများအနက် ၉၇ ဒသမ ၇ ရာခိုင်နှုန်းကို အရေးယူနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ်အတွင်း ဆိုက်ဘာမှုခင်းဖြစ်ပွားမှုသည် ယမန်နှစ်ကထက် ရာခိုင်နှုန်း ၄၀၀ ခန့် မြင့်တက်လာကြောင်း သိရသည်။ အဆိုပါဆိုက်ဘာမှုခင်းများတွင် ဝက်ဘ်ဆိုက်များကို နည်းပညာပိုင်းဆိုင်ရာ တိုက်ခိုက်မှုများနှင့် အွန်လိုင်းမှကျူးလွန်သော လိမ်လည်မှုများပါဝင်ကြောင်း သိရသည်။ ထို့ကြောင့် အီသီယိုးပီးယားနိုင်ငံသည် လက်ရှိအချိန်တွင် ဆိုက်ဘာနည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများကို မြှင့်တင်လျက်ရှိသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

တရားမဝင် သစ်မျိုးစုံနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၉

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ် ကိုးဆူစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိသည့် တရားမဝင်သစ်များကို တွေ့ရစဉ်။

ထို့ပြင် မေ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၈၂၀ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ယာဉ်နှစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ သစ်တော ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တရားမဝင်သစ်မျိုးစုံ ၁၂ ဒသမ ၃၉၀၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈ဝ၁၅၅၀)**ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ဝ၆ဝ၁၅၀)**ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၆ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၆၄၁၅၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ကျားဖောင်လုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နေ ဗလကြီး(ခ) အောင်ဗလက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ ဦး ---၊ ၃၀ နှစ်ကို ကျားဖောင်လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ပါက တစ်လငွေကျပ် ရှစ်သောင်းရမည်ဟု စည်းရုံးပြောဆို၍ ကျားဖောင်လုပ်ငန်းသို့ ပို့ဆောင်ကာ ကြိုတင်ငွေကျပ် ခြောက်သိန်းထုတ်ယူ၍ လုပ်အားခများအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဒလမြို့မရဲစခန်း၊ (ပ) ၁၀၅၁/ ၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅ဖြင့် အမှုရေးဖွင့်ခဲ့ပြီး တောင်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၅ ရက်တွင် တရားခံ ဗလကြီး(ခ) အောင်ဗလ အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၅ အရ အလုပ်နှင့် ထောင်ဒဏ် ခြောက်နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ မပိုင်ပိုင်စိုး (ခ) မစိုးစိုးနှင့် တောသားကြီး(ခ) တင်ကိုဦးတို့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ ---၊ ၁၈ နှစ်ကို တရုတ်နိုင်ငံတွင် ဆံပင်ညှပ်သည့် အလုပ်လုပ်ကိုင်ပါက တစ်လ ငွေကျပ် ၁၅ သိန်း ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသား ကျိန်ယီ ဆိုသူထံ ပို့ဆောင်၍ ငွေကျပ်သိန်း ၆၀ ဖြင့် ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၉၃၉/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ မပိုင်ပိုင်စိုး(ခ) မစိုးစိုးနှင့် တောသားကြီး(ခ)တင်ကိုဦး တို့ကို မေ ၆ ရက်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ ကျော် တန်ဖိုးရှိ ကက်တမင်းများ သိမ်းဆည်းရမိ

သိမ်းဆည်းရမိသည့် ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၉

ကွန်ဟိန်းမြို့နယ်၌ ငွေကျပ်သိန်း ၅၀၀၀ ကျော် တန်ဖိုးရှိ ကက်တမင်းများသိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၇ ရက် ည ၉ နာရီတွင် ကွန်ဟိန်းမြို့နယ် တာကော်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကာလိမှ မိုင်းပျဉ်းသို့ စိုင်းနော်ရဲ့နိ် မောင်းနှင်လာသည့်ယာဉ်အား သတင်းအရရှာဖွေရာ ငွေကျပ် သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ကက်တမင်း ၆၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့် ကက်တမင်းများကို ကာလိမြို့မှ မိုင်းပျဉ်းမြို့သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မေ ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "လူငယ်များရဲ့ ပညာသင်ကြားရေးကို ခြိမ်းခြောက်နေသော အနာဂတ်ကို အညွှန့်ချိုးနေတဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ" ခေါင်းစဉ်ဖြင့် မေ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စု နန့်စလော်ကျေးရွာရှိ ဒကွ်ိဏာဝန်မန်(တောင်ကျောင်း) ဘုန်းတော်ကြီးကျောင်းတိုက်အား အကြမ်းဖက်အဖွဲ့ များက ဒရုန်းယာဉ်ဖြင့် ပစ်ချဖောက်ခွဲခဲ့သည့်ဖြစ်စဉ်" နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-စ၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၅-၂၀၂၂ အင်္ဂါနေ့

MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ရတနာသုတ်၊တောရွှံရံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူ့အားလုံးနှင့်သက်ဆိုင်သော အနာဂတ်အိမ်ရိုးကရစ်
- ၀၉:၂၀ ထူးခြားစုံလင်အာရှပစ်ဗီတာအစီအစဉ်
- ၁၀:၀၀ သတင်းထူးကာသတင်း
- ၁၃:၃၀ MRTV National News
- ၁၅:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း **'ငွေးထွေးသောပေတ္တာအိပ်ကလေး'**
- ၁၆:၃၅ ထိန်းသိမ်းလို့ကာကွယ်ပါ သဘာဝရဲ့ရတနာအင်းလေးကန်သာ
- ၁၈:၃၅ ဂေဟာ့ည်တစ်ပေါက်
- ၁၈:၅၀ Road to 31st SEA Games Vitenam (ဗိုလီဘောလ်)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဆေး'** (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဗိုးလေဝေသာခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍာ
- ၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်ခုံစမ်းငတ်ထုတ်'** (အပိုင်း-၂၂)
- ၂၂:၀၅ ရုပ်မြင်သံကြားဇာတ်လမ်း **'နှောင်း'**

mitv

- 07:02 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- 07:09 The Bamboo Hat
- 07:18 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Saga Worm Curry and Cricket and Termarind Paste Curry
- 07:40 A Glance At A Naga Family Life
- 08:01 Introductory Programme of Literary Award Winners: U Zaw Htay (Culture)
- 08:17 Chaung Tha Souvenir Business
- 08:26 Shwedagon Buddha Museum
- 09:01 News
- 09:27 Global Partnership for Brighter Future: Nepal Pavilion at Expo 2020 Dubai
- 09:35 Skilful Marionette Performance of New Generation Artistes
- 09:50 Myanmar Cultural Heritage From Kyar Paing Village

MRTV NRC

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဒေသတစ်လျှောမီတာ၀င်စားဖွယ်ရာများ(အပိုင်း-၂)
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** သမီးလက်ရာငါးအချဉ်ဟင်း
- **ချင်း(လိုင်စိုး) (၀၈:၀၀ မှ ၀၉:၀၀)** ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
- **ချင်း(ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** တစေးပြုလုပ်ခြင်း
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** အတောင်(၇၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျှောင်းတော်မူဘုရား
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** ဆွေသည်နောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၄)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** လှမ်းခဲ့ပါလေတောင်တိုင်မြေ
- **၀ (၁၆:၀၀ မှ ၁၈:၀၀)** ထည်နောင်တို့ရဲ့သိန်ခြားကမ္ဘာ့လေးဆီသို့(အပိုင်း-၂)
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကချင်ချောင်းသာသိုးအလည်တစ်ခေါက်
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကော်ယော်ဗိုနဒေသသို့
- **ဝေကကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်ပြူမျိုးနွယ်ရုနေထိုင်ရာတောင်တန်းဒေသ

MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၃၀ အားကစားသတင်း
- ၀၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ ရွှေလေမြင်လေကမ္ဘာမြေ
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

- ၀၇:၀၀ အဖွင့်၊အလံ
- ၀၇:၃၀ ဥပဒေရေးရာအကြောင်းကြားဇာတ်လမ်းတို **'ရှုချင်းအတူတူ'**
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲကော်ပရေတ် ၏ကြည်ညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဘေးနွေးခန်း (အပိုင်း-၇)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၃)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

MRTV FARMERS

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၁၅ တောင်သူလယ်သမားဘဝ၀ို့ပြိုင်ပို့ တန်ခိုးသုံးသီးစိုက်ကြစို့
- ၀၇:၁၅ ဒူးရင်းမင်းကွတ်တွေနဲ့ အလားအလာကောင်းတဲ့သံတောင်မြေ
- ၀၇:၄၀ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(ပန္ဒယား)
- ၀၇:၅၅ တောင်သူဘဝသုတကဏ္ဍ
- ၀၈:၄၅ ပိုးသတ်ဆေးအန္တရာယ်သတိထားကာကွယ် သုတို့အကြောင်း
- ၀၈:၀၀ ပြန်လည်သံစားမြန်မာနေရှင်နယ်လိပ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက
- ၀၈:၀၀ ပြန်လည်သံစားမြန်မာနေရှင်နယ်လိပ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝန်ဆောင်တန်ခိုးရှိမှုအပေ
နံနက်(၁၀:၀၀)နာရီမှ(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနခေါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဗိုလ်အောင်ဗေယျရပ်ကွက်နေ မြို့မကဖေးဆိုင်ပိုင်ရှင် မီမီမိုးဆန်း(ခ)ဂျမ်းဂျမ်းသည် ၎င်းအသုံးပြုသည့် “Mi Mi Moe Sann” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အမှတ်(၃)ရပ်ကွက်နေ မိုးမိုးစန်း၊ သက်သက်ခိုင်၊ စိုးသန်း၊ နေလင်း၊ ဝင်းမြင့်နှင့် ကိုတီးတို့သည် ၎င်းတို့အသုံးပြုသည့် “Moe Moe San” Facebook အကောင့်၊ “Thet Thet Khaing” Facebook အကောင့်၊ “Soe Than” Facebook အကောင့်၊ “Nay Lin” Facebook အကောင့်၊ “Win Myint” Facebook အကောင့်၊ “Ko Tee” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာနေ စိုးမျိုးဦးသည် ၎င်းအသုံးပြုသည့် “Soe Myo Oo” Facebook အကောင့်၊ ပြည်ကြီးတံခွန်မြို့နယ် (၆)ရပ်ကွက်နေ ဥမ္မာရီသည် ၎င်းအသုံးပြုသည့် “Ohmar Yee” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့အမှတ်(၅)ရပ်ကွက်နေ မြတ်မင်းလတ်(ခ)မင်းမင်းသည် ၎င်းအသုံးပြုသည် “Min Min” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆပ်ပြာကျင်းကျေးရွာနေ ရတနာသန်းထွန်းသည် ၎င်းအသုံးပြုသည့် “Yadanar Than Htun” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒိုက်ဦးမြို့နယ်တွင် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် မျိုးစေ့ကြဲပက်ပွဲကျင်းပ

ဒိုက်ဦး မေ ၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ မိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ကြဲပက်ပွဲကို ယမန်နေ့က ပေါက်တပင် ကျေးရွာမှ တောင်သူဦးအောင်မြင့်၏ လယ်မြေ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တောင်သူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပေါက်တပင်ကျေးရွာရှိ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်း၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းဌေးကျော်က မျိုးစေ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက တောင်သူများသို့ ပေးအပ်ကြသည်။

ဒိုက်ဦးမြို့နယ်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ၃၅၇ ဧက စိုက်ပျိုးကြဲပက်ရန် လျာထားပြီး သစ်စိမ်းမြေသြဇာ ထည့်သွင်းခြင်းကြောင့် တောင်သူများအနေဖြင့် မိမိတို့၏လယ်ယာမြေတွင် မြေဆီအာဟာရတိုးတက်ခြင်း အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပြီး ဓာတ်မြေသြဇာသုံးစွဲမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောက်တော်မြို့နယ် မဟာမုနိယာယီတိုက်ပွဲရှောင်စခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်၊ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် မေ ၉

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးအနီး မဟာမုနိ ယာယီတိုက်ပွဲရှောင်စခန်းရှိ သာစည်ကျေးရွာမှ ခေတ္တလာရောက်နေထိုင်သည့် မရွှေစော(ဘ)ဦးစောထွန်းသာ၏ ဓနိမိုး၊ ဝါးထရံကာ၊ ဝါးခင်းနေအိမ်၌ ယနေ့နံနက် ၁ နာရီခွဲခန့်တွင် ထမင်း/ ဟင်းချက်ပြုတ်ထားသော မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျောက်တော်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာယီတိုက်ပွဲရှောင်စခန်းမှ ပြည်သူများ ပူးပေါင်း၍ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၆ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာယီတိုက်ပွဲရှောင်နေအိမ် ၂၆၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာနေရာသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထောက်ပံ့ပေးအပ်

ထို့ပြင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲရေး ဦးစီးဌာနတို့မှ မီးဘေးသင့်တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့သည့် ဆန်အိတ် ၇၈ အိတ်၊ ဆီ ၂ဖြ၂ ပိဿာနှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်း ၁၃ မျိုးပါရှိသည့် Family Kit ၂ဖြ၂ ပုံးကို တာဝန်ရှိသူများက သက်ဆိုင်ရာ မီးဘေးသင့် အိမ်ထောင်စုဝင်များထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေကြည်မြို့နယ်၌ မြေလွှာခွဲကိရိယာ လက်တွေ့မောင်းနှင်သရုပ်ပြပွဲ ပြုလုပ်

ရေကြည် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဦးဆောင်ပြုလုပ်သည့် မြေလွှာခွဲကိရိယာ လက်တွေ့မောင်းနှင်သရုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက ကြာကန်ကျေးရွာ ရေကြည် - ကျုံပျော် ကားလမ်းဘေး တောင်သူ ဦးသောင်းညွန့်၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းကိုက တောင်သူများအနေဖြင့် စိုက်ထယ်ရေးပြင်ရာတွင် မြေလွှာအား အနက် လေးပေ၊ ခြောက်ပေခန့်ထိသာ ထွန်ယက်စိုက်ပျိုးရသဖြင့် ထိုမြေဆီလွှာအောက်တွင် သိပ်သည်းသော မြေလွှာတစ်ခုဖြစ်ပေါ်လေ့ရှိခြင်း၊ အလေးချိန်များသည့် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်အသုံးပြုထားသည့် စိုက်ကွင်းများတွင် ထိုစက်ကိရိယာများ၏ဘီး(သို့မဟုတ်) ရော်ဘာသံချိန်းများကြောင့် မြေလွှာသိပ်သည်းမှု ဖြစ်ပေါ်တတ်စေခြင်း၊ ယင်းမြေလွှာသိပ်သည်းမှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းစေခြင်း၊ ရေထုတ်စနစ်အား အဟန့်အတားဖြစ်စေခြင်း၊ ပိုးမွှားရောဂါ ကူးစက်မှုမြင့်မားခြင်းနှင့် သီးနှံအာဟာရ ရရှိမှုလျော့နည်းစေခြင်း စသည့်ဆိုးကျိုးများ သက်ရောက်ဖြစ်ပေါ်မှုရှိကြောင်း ရှင်းလင်းပြောကြားသည်။

အကျိုးကျေးဇူးများရရှိနိုင်

ထိုသို့ ဆိုးကျိုးများဖြစ်ပေါ်သက်ရောက်လာပါက မြေလွှာခွဲကိရိယာ အသုံးပြုခြင်းဖြင့် သီးနှံအထွက်နှုန်းကျဆင်းမှုကို ဖြေရှင်းပြီး အထွက်နှုန်းတိုးစေနိုင်ခြင်းနှင့် မြေလွှာအနက်တွင် ခိုအောင်းနေသော ပိုးမွှားများကို သေစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၅-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၇၅	၂၁၂၀	၂၁၁၅	၂၀၈၀	၂၁၂၀	၂၁၄၀	၂၁၂၅	၂၁၀၅	၂၂၀၀	၂၂၁၅	၂၁၁၀	၂၁၂၀	၂၁၅၅	၂၁၅၅	၂၁၆၀	၂၃၇၅	၂၂၉၅
95 Ron	၂၁၃၀	၂၁၈၀	၂၀၇၅	၂၁၄၀	၂၀၇၅	၂၂၀၀	၂၁၈၅	၂၁၆၀	၂၂၅၅	၂၂၇၀	၂၁၇၀	၂၁၈၅	၂၂၁၀	၂၂၁၀	၂၂၁၅	၂၄၃၅	၂၃၇၅
HSD (500 ppm)	၂၂၉၅	၂၃၄၅	၂၃၄၀	၂၃၀၅	၂၃၄၀	၂၃၆၅	၂၃၆၀	၂၃၃၀	၂၄၄၅	၂၄၄၀	၂၃၃၅	၂၃၄၅	၂၃၈၀	၂၃၈၀	၂၃၈၀	၂၆၀၀	၂၄၇၀
HSD (50 ppm)	၂၃၂၅	၂၃၇၀	၂၃၇၀	၂၃၃၅	၂၃၇၀	၂၃၉၅	၂၃၉၀	၂၃၅၅	၂၄၇၀	၂၄၆၅	၂၃၆၅	၂၃၇၅	၂၄၀၅	၂၄၀၅	၂၄၁၀	၂၆၃၀	၂၅၀၀
HSD (10 ppm)	၂၃၂၅	၂၃၇၀	၂၃၇၀	၂၃၃၅	၂၃၇၀	၂၃၉၅	၂၃၉၀	၂၃၅၅	၂၄၇၀	၂၄၆၅	၂၃၆၅	၂၃၇၅	၂၄၀၅	၂၄၀၅	၂၄၁၀	၂၆၃၀	၂၅၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၇၂	၂၀၄၅
95 Ron	၂၀၂၈	၂၁၀၂
HSD (500 ppm)	၂၁၉၀	၂၂၆၃
HSD (50 ppm)	၂၂၁၇	၂၂၉၁
HSD (10 ppm)	၂၂၁၇	၂၂၉၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်းအသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၅

ကသာမြို့၌ အမျိုးသမီးအဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်

ကသာ မေ ၉

စစ်ကိုင်း တိုင်းဒေသကြီး ကသာမြို့ ပတ္တမြားရပ်ကွက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ် (၃) ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်က အမှာစကားပြောကြားပြီး အခမ်းအနားသို့ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေခိုင်မြင့်၊ နည်းပြများနှင့် သင်တန်းသူ ၃၅ ဦးတို့ တက်ရောက်သည်။

ကသာမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်း၏၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပထမအကြိမ် အဆင့်မြင့် အမျိုးသမီးအိမ်တွင်းမှုစက်ချုပ်သင်တန်း ကာလမှာ မေ ၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိဖြစ်ကြောင်း သိရသည်။

အေးမြသက်ထား

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲကျင်းပ

နေပြည်တော် မေ ၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ နည်းပြ၊ သရုပ်ပြ ဆရာ ဆရာမအသစ်များအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ယင်းဒီဂရီကောလိပ် NMDC Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာဘာသာရပ်ဌာနမှူးများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အသစ်ခန့်ထားသည့် နည်းပြ ဆရာမလေးဦးက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားသည်။

JJJ

မင်္ဂလာဒုံမြို့နယ်၌ နွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သပြေညိုပညာဒါန အကျိုးဆောင်အသင်း၏ သင်တန်းခန်းမ၌ ကျောင်းသား ကျောင်းသူ လူငယ်များ ကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန် အခြေခံကွန်ပျူတာသင်တန်းနှင့် ဂရပ်ဖစ်သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းက ၂/၂၀၂၂ နွေရာသီသင်တန်းဆင်းပွဲကို အဆိုပါအကျိုးဆောင်အသင်း၏ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သပြေညိုပညာဒါန အကျိုးဆောင်အသင်းဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် ဒုဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က သင်တန်းဆင်းအမှာစကား ပြောကြားကာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့် ဆုပေးရွေးချယ်ပုံနည်းများကို အတွင်းရေးမှူး ဦးနေဆန်းက ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ပါဝင်ကူညီသင်ကြားပေးခဲ့ကြသည့် သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ၊ အခြေခံကွန်ပျူတာသင်တန်းနှင့် ဂရပ်ဖစ်သင်တန်းတို့တွင် ထူးချွန်ဆုများ ရရှိခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက ဆုများနှင့် သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ဆုလှိုင်(မင်္ဂလာဒုံ)

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၌ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ၌ အောက်ဖော်ပြပါ ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများကို (၁၂-၅-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းကြေညာလိုက်သည် -

(က) အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် ဂုဏ်ထူးတန်း ပထမနှစ်သင်တန်းများ

(၂) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - ပဉ္စမနှစ် ဥပဒေပညာ၊ ပဉ္စမနှစ် ပညာရေးနှင့် ဂုဏ်ထူးတန်း တတိယနှစ် သင်တန်းများ(ဖွင့်လှစ်ဆဲ)

(၃) ၂၀၂၁-၂၀၂၂ ပညာသင်နှစ် - မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများ (ဖွင့်လှစ်ဆဲ)

(၄) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ခ) ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များ

(၁) ၂၀၁၉-၂၀၂၀ ပညာသင်နှစ် - ပထမနှစ် သင်တန်းများ

(၂) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် - ပထမနှစ်သင်တန်းများ (၂၀၂၀ ပြည့်နှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ)

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်သင်တန်းများအတွက် ကျောင်းအပ်လက်မှတ်ခံခြင်းကို (၁၈-၄-၂၀၂၂) ရက်နေ့မှ စတင်လက်ခံဆောင်ရွက်လျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန

တောင်ကြီးမြို့၌ အခြေခံပညာအလယ်တန်းဆင့်(Grade-8) သင်ရိုးသစ် ပြည်နယ်အဆင့်နည်းပြသင်တန်းဖွင့်လှစ်

တောင်ကြီး မေ ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) အခြေခံပညာ အလယ်တန်းဆင့် (Grade-8) သင်ရိုးသစ်ပြည်နယ် အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ပြုပြင် ပြောင်းလဲရေးအတွက် ကလေးသူငယ်များ ပညာသင်ယူနိုင်မည့် အခွင့်အလမ်း မြင့်မားရေးကိုဦးတည်ပြီး အမျိုးသား ပညာရေး မဟာဗျူဟာစီမံကိန်းရည်မှန်းချက် (၉)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံပညာရေးစနစ်ကို(KG+12) အစီအစဉ်ဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်ပြီး သင်ရိုးပြုပြင်ပြောင်းလဲပေးခဲ့သည်မှာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြီးစီးနိုင်ရေး ဆောင်ရွက်ရန် ဖြစ်သော်လည်း ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားသည့် အတွက် ပညာသင်နှစ် တစ်နှစ်နောက်ဆုတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိမြင်ကြမည် ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မူလတန်းအဆင့် ပဉ္စမတန်း(Grade-5)၊ အလယ်တန်းဆင့် အဋ္ဌမတန်း (Grade-8)၊ အထက်တန်းဆင့် ဧကာဒသမတန်း(Grade-11)တို့ကို သင်ရိုးညွှန်းတမ်းအသစ်များဖြင့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်ရေးအတွက် ယခုအလယ်တန်းဆင့် အဋ္ဌမတန်း (Grade-8) သင်ရိုးသစ်သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ကလေးများအတွက် အရည်အသွေး အာမခံမှုရှိသော ပညာရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် ယခုပြည်နယ်အဆင့် (Grade-8) သင်ရိုးသစ် နည်းပြသင်တန်းကို လာရောက်ကြသည့် ဆရာ ဆရာမများအနေဖြင့် သင်ရိုးညွှန်းတမ်းကို ပိုင်နိုင်စေရန် သင်တန်းကာလအတွင်း ကြိုးစားပမ်းစား လေ့လာဆည်းပူးဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့က သင်တန်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

၂၀၂၂-၂၀၂၃ ခု ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၁-၅-၂၀၂၂) ရက် နောက်ဆုံးထားရှိ မိမိတို့ တက်ရောက်လိုသည့် ကျောင်းသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၂၀၂၂-၂၀၂၃ ခု ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ်
ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် G.T.H.S ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာ အထက်တန်းကျောင်းများ၌ (၁၁-၅-၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၀-၅-၂၀၂၂) ရက် နောက်ဆုံးထားရှိ မိမိတို့ တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်ဖြစ်သည်။

နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန ပထမနှစ်၊ နေ့သင်တန်း၊ ဥပဒေအထူးပြုဘာသာရပ် တိုးချဲ့ဖွင့်လှစ်သော တက္ကသိုလ်များတွင် မေဂျာပြောင်းလျှောက်ထားနိုင်

၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအတွက် ဥပဒေအထူးပြုဘာသာရပ်၊ နေ့သင်တန်း တိုးချဲ့ဖွင့်လှစ်သော အောက်ဖော်ပြပါတက္ကသိုလ်(၁၀) ကျောင်းတွင် ဝိဇ္ဇာဘွဲ့ (ဥပဒေပညာ)/B.A(Law) သင်တန်းပို့ချမည်ဖြစ်ပြီး အခြားအထူးပြုဘာသာရပ်များမှ ဥပဒေအထူးပြုဘာသာရပ်သို့ အပြောင်းလျှောက်လွှာများကိုလည်း ၂၇-၅-၂၀၂၂ ရက်နေ့ မတိုင်မီ အဆိုပါတက္ကသိုလ်များတွင် တင်ပြလျှောက်ထားပါက သတ်မှတ်ချက်နှင့်ကိုက်ညီလျှင် လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည် -

(၁) မြိတ်တက္ကသိုလ် (၆) ကလေးတက္ကသိုလ်
(၂) ဟင်္သာတတက္ကသိုလ် (၇) လားရှိုးတက္ကသိုလ်
(၃) မအူပင်တက္ကသိုလ် (၈) ပခုက္ကူတက္ကသိုလ်
(၄) ဗန်းမော်တက္ကသိုလ် (၉) မိတ္ထီလာတက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ် (၁၀) ကျိုင်းတုံတက္ကသိုလ်

◎ ဆီးဂိမ်းအမျိုးသမီးမှ

လာအို၊ စင်ကာပူတို့နှင့်ပွဲများတွင် ဂိုးများများ သွင်းယူနိုင်ရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။ အဖွင့်ပွဲမှာ ရုန်းကန်ရလေ့ရှိသောကြောင့် မြန်မာအသင်းအနေဖြင့် အာရုံစူးစိုက်မှုအပြည့်ဖြင့် ရရှိသည့် အခွင့်အရေးများ အသုံးချနိုင်ပါက အမှတ်ပြည့် ရယူနိုင်ရန် မခက်ခဲနိုင်ပေ။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းခုနစ်သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ထိုင်း၊ မြန်မာ၊ စင်ကာပူနှင့် လာအို အသင်းတို့ ပါဝင်နေသည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF

✻ ကျောဖုံးမှ

ကမ္ဘောဒီးယားအသင်းသည် လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ကမ္ဘောဒီးယားအသင်းအတွက် ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ပြီး လာအိုအသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် သွင်းယူခဲ့သည်။ ထိုင်းအသင်းသည် စင်ကာပူအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ထိုင်းအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ရရှိခဲ့သဖြင့် ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (က) ပထမပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဖိလစ်ပိုင်အသင်းက ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဖိလစ်ပိုင်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးများဆက်တိုက်ရရှိခဲ့သဖြင့် ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုညီလေး

❍ မန်စီးတီးအသင်းမှ

အဲဒီပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၉ မိနစ်နဲ့ နာကျင်အချိန်ပို သုံးမိနစ်တို့မှာ စတာလင်ကနှစ်ဂိုး၊ ၃၈ မိနစ်မှာ လာပျော်တီကတစ်ဂိုး၊ ၆၁ မိနစ်မှာ ရိုဒရီကတစ်ဂိုးနဲ့ မိနစ် ၉၀ မှာ ဖိုဒန်ကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ ပရီမီယာလီဂ်ဖလားရရှိရေး အပြိုင်ကြိုးပမ်းနေတဲ့ လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့တဲ့အချိန်မှာ ပင်ရမှတ်တူအနေအထားမှာ ရှိနေခဲ့တာဖြစ်ပြီး နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့ပြီး နောက်မှာတော့ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလီဂ်ချန်ပီယံဆုဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ဖို့ အခွင့်အရေး ပိုမိုနီးစပ်လာခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ပရီမီယာလီဂ်ပွဲစဉ် ၃၅ ပွဲကစားပြီးချိန်မှာ စုစုပေါင်းရမှတ် ၈၆ မှတ်ရရှိထားပြီး အမှတ်ပေးဇယား ဒုတိယနေရာက လီဗာပူးအသင်းက ပွဲစဉ် ၃၅ ပွဲကစားပြီးချိန်မှာ စုစုပေါင်းရမှတ် ၈၃ ထားတာဖြစ်ပါတယ်။

ငွေကြေယ်

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၄ ရာခိုင်နှုန်းရှိ

ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၃၃,၄၀၂) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၀၅၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၉၈၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၉-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၁၁၈) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၄) ခု	(၁) ဦး
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂၀၂) ခု	-
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၁၈) ခု	-
ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၁,၃၂၉) ခု	(၁) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၁,၀၇၀) ခု	-
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၅,၆၇၇) ခု	(၁) ဦး
စုစုပေါင်း	**(၈,၄၁၈) ခု**	**(၃) ဦး**

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၈၃၅၈၁၁၅	၈၀၉၄၄၈၅၇	၁၀၂၄၅၄
၂။	အိန္ဒိယ	၄၃၁၀၅၄၀၁	၄၂၅၆၀၉၀၅	၅၂၄၀၉၃
၃။	ဘရာဇီး	၃၀၅၆၄၅၃	၂၉၆၂၉၄၂၀	၆၆၄၁၈၉
၄။	ပြင်သစ်	၂၈၉၅၇၄၂	၂၇၆၄၄၁၀	၁၄၆၇၂၄
၅။	ဂျာမနီ	၂၅၃၄၃၅	၂၃၃၇၃၂၀	၁၃၆၉၂၅
၆။	ဗြိတိန်	၂၂၁၄၀၃၄	၂၁၅၂၄၃	၁၇၆၂၁
၇။	ရုရှား	၁၈၂၃၂၆၉	၁၇၆၀၉၃၅	၃၇၇၀၄၉
၈။	တောင်ကိုရီးယား	၁၇၅၆၄၉	စ်စ်ဆ	၂၃၄၀
၉။	အီတလီ	၁၆၇၉၈၉	၁၅၄၇၁	၁၆၄၄
၁၀။	တူရကီ	၁၅၀၄၃၃	၁၄၉၄၁	၉	၈	၄	၆

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၀၆၇၈၃၅	၉၃၂၁	၄၃၀၅
၂။	အင်ဒိုနီးရှား	၆၀၄၈၆	၅	၁၅	၁	၁	၁

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ယမန်နေ့မှအဆက်

အမှန်တော့ သည်အဖြစ်တွင် မအေးမြဘက်က တာဝန်မကင်းသလို မိမိတွင်လည်း တာဝန်ရှိသည်ဟု တင်တင်ရီထင်သည်။

ထိုနေ့က အပျိုကြီးများနေထိုင်ရာအိမ်သို့ တင်တင်ရီရောက်သွားခဲ့ခြင်းမှာ အဓိကအမှားဖြစ်သည်။

ဒေါ်မူယာက မေးသည်။

“ဒါထက် တင်တင် လက်ထပ်တော့မယ်ဆို”

ထိုအမေးအတွက် တင်တင်ရီ အံ့အားသင့်နေသည်။

“ဒါကို ဘယ်သူကပြောသလဲဟင်” ပြန်မေးမိသည်။

“အို – အေ၊ ဒီသတင်း အရပ်ထဲမှာကျော်နေတာ ကြာပါပကောလား၊ တို့များဖြင့် နားနဲ့တောင်မဆံ့တော့ဘူး။ လက်ထပ်မယ့်သူငယ်ကလည်း တင်တင် တို့အိမ်မှာ ဝင်ထွက်သွားလာနေတဲ့ မအေးမြရဲ့ မောင်ဆို”

တင်တင်ရီမှာ ခံပြင်းစိတ်ဖြင့် နှုတ်ခမ်းကို နာနာကိုက်ထားမိသည်။

သည်တွင် ဒေါ်သူဇာက ဆိုသည်။

“မင်္ဂလာဆောင်တဲ့နေ့ကျရင် တို့များကိုပြောပေါ့။ ပေါင်ထားတဲ့ လက်ဝတ်လက်စားတွေ ခဏာ ယူဝတ်ချင်ဝတ်ပေါ့”

“အို၊ ဒီလူကို ကျွန်တော့်တစ်သက်လုံးလက်မထပ်ဘူး သိလား”

တင်တင်ရီ ခါးခါးသီးသီး ဆိုမိသည်။

အပျိုကြီးများ ပိုမိုစိတ်ဝင်စားလာဟန်ရှိသည်။

“ဘာဖြစ်လို့လဲကွယ့်”

“ကျွန်တော်တို့မှာ အကြောင်းတွေအများကြီးပဲ”

“နေစမ်းပါဦးတင်တင်၊ တို့များသတိထားမိတာ ကြာပြီ။ ဒီသူငယ်နဲ့ မအေးမြတို့ နေပုံထိုင်ပုံကို မကြိုက်ဘူး။ သူတို့ချင်း ရှင်းရှင်းလင်းလင်း ရှိကြရဲ့လားဟင်”

အပျိုကြီးမများက အတိအကျ စွပ်စွဲလာသည်။

“ကျွန်တော် မသိဘူး။ ဒါတွေ ကျွန်တော်ဘာတစ်ခုမှမသိဘူး”

တင်တင်ရီ သူတို့မျက်မှောက်မှ ထွက်ပြေးမိခဲ့ပြန်သည်။

သည်အဖြစ်မှာ သည်မျှနဲ့ပင် ပြီးစီးသွားလိမ့်မည်ဟုထင်ခဲ့သည်။ သည်ထက်ပိုလာနိုင်စရာအကြောင်း မရှိဟု မှတ်ယူခဲ့မိသည်။

သို့ရာတွင် အဖြစ်အပျက်တို့က သည်မျှနှင့် ရပ်တန့်မသွားခဲ့ချေ။ နောက်ဆက်တွဲဇာတ်လမ်းတို့ ဖြောက်မြားစွာ ပေါ်ပေါက်လာသည်။

ထိုနေ့ညနေပိုင်းက အိမ်လည်မှပြန်လာသော မအေးမြသည် တင်တင်ရီနှင့် မျက်နှာချင်းဆိုင်မိကြသည်။ မအေးမြ၏မျက်နှာမှာ ဒေါသဖြင့် နီရဲနေသည်။ ခက်ထန်မာကျောနေသည်။

“ဘယ်လိုတုံး စနေဂြိုဟ်မ၊ အရပ်ထဲမှာ လှည့်ပြီး မွှေခဲ့ပြန်ပြီပေါ့လေ”

မအေးမြ၏အသွင်အပြင်ကို မြင်ရပြီဆိုကတည်းက အကြောင်းတစ်စုံတစ်ရာဖြစ်တော့မည်ကို တင်တင်ရီ သိသည်။ ပြီး မိမိအပေါ် ဒေါသဖြစ်စရာရှိလာပြီဆိုလျှင် “စနေဂြိုဟ်မ”ဟု မအေးမြ ဝိဂြိုဟ်ပြုလေ့ရှိသည်။

“ညည်းအရပ်ထဲမှာ ဘာတွေလျှောက်ပြောခဲ့သလဲဟင်”

မအေးမြ မေးသည်။

“ကျွန်တော် ဘာပြောလို့လဲ မေမေ”

“ညည်းဘာပြောခဲ့တယ်ဆိုတာ ညည်းကိုယ်ညည်း မသိဘူးလား”

“ကျွန်တော်ဘာမှမပြောဘူး မေမေ”

“ညည်းဘာမှမပြောဘဲနဲ့ ဒီစကားတွေ ဘယ်သူ ပြန်ပြောမှာလဲ။ ဒီမယ်တင်တင်ရီ ညည်းကျုပ်ကို ဒုက္ခပေးပေါင်းများလှပြီ။ အခုလည်းဒုက္ခပေးပြန်ပြီ”

မအေးမြ၏စကားမဆုံးမီ တင်တင်ရီဖြတ်ပြောသည်။

“နေပါဦးမေမေ။ မေမေ ဘာကြားခဲ့လို့လဲဟင်”

“ဘာကြားခဲ့ရမှာလဲ စနေဂြိုဟ်မရဲ့။ ကျုပ်နဲ့ ခင်မောင်စိုးနဲ့ ညားနေပြီလို့ သတင်းလွှင့်တာ၊ ဖော်ကောင်လုပ်ခဲ့တာ ညည်းမဟုတ်လို့ တခြားဘယ်သူရှိဦးမှာလဲ”

သည်တော့လည်း တင်တင်ရီသည် အပျိုကြီးမများကို အမှတ်ရသည်။ ၎င်းတို့ထံမှ ယင်းစကားပျံ့နှံ့သွားခြင်းပင်ဖြစ်မည်ထင်သည်။

“ကျွန်တော် အဲဒီလိုမပြောခဲ့ဘူး မေမေ၊ ဒါနဲ့ပတ်သက်လို့ ကျွန်တော်မပြောခဲ့ဘူး”

“ညည်းမောင်းမတီးဘဲ ဒီအကြောင်း အရပ်ထဲမှာ ဘယ်လိုလုပ်ကျော်နေမှာလဲ တင်တင်ရီ”

“ကျွန်တော်မပြောဘူး မေမေ”

“တော်စမ်းတင်တင်ရီ၊ ငါ့ကို ဒေါသထွက်အောင် မလုပ်စမ်းပါနဲ့”

“ကျွန်တော် တကယ်မပြောဘူးမေမေ”

“ခွေးစုတ်မ၊ ကိုယ့်ဟာကိုယ်လင်မယူဘဲ ကမြင်းချင်ရင် ကမြင်းချင်တယ်ပြောတာမဟုတ်ဘူး။ သူများကို ဘာလို့ သွားပုပ်လေလွင့်ပြောချင်ရတာလဲဟင်”

တင်တင်ရီသည် မအေးမြကို နာနာကြည်းကြည်း စိုက်ကြည့်သည်။

“ကျွန်တော့်ကို ဒီလိုတော့မပြောပါနဲ့မေမေ”

“ပြောတယ်အေ၊ ပြောတယ်”

တင်တင်ရီကိုယ်တိုင်သည်လည်း ဒေါသဖြစ်လာရသည်။ အသားတဆတ်ဆတ်တုန်လာသည်။

“ခင်ဗျား၊ ဘာဖြစ်လို့ ကျွန်တော့်ကို အပြစ်ရှာချင်နေရတာလဲဟင်”

“ဘာ”

“ခင်ဗျားနဲ့ ကျွန်တော်ဟာ ရန်သူမဟုတ်ဘူး။ ဒါနဲ့ တောင် ဘာလို့ အခုလောက် အပြစ်ရှာနေရတာလဲ။ ကျွန်တော်ဟာ ခင်ဗျားရဲ့ သမီးအရင်းမဟုတ်လို့လား”

တင်တင်ရီ၏စကားကြောင့် မအေးမြ၏မျက်နှာတွင် အပြောင်းအလဲဖြစ်သွားသည်။

“သြော်၊ ညည်းက ဒါတွေကိုတောင်သိနေပြီကိုး”

“ဟုတ်တယ်၊ သိတယ်။ ကျွန်တော့်မှာ သိနေတာတွေအများကြီးပဲ။ ဒါပေမဲ့ ခင်ဗျားယုံ။ ခင်ဗျားနဲ့ ပတ်သက်ပြီး ကျွန်တော်သိတာကို ဘယ်သူ့မှမပြောဘူး။ အရပ်က သူတို့ဟာသူတို့ ရိပ်မိတာလည်းဖြစ်မယ်”

“ညည်းရဲ့လေသံဟာ တယ်ပြီးမာလိုက်ပါလားမိတင်တင်ရီ။ နိုင်ပေါက်ရပြီဆိုပြီး ကိုင်လိုက်တာပေါ့လေ”

“ကျွန်တော် ဘယ်သူ့ကိုမှအနိုင်မယူဘူး။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးချင်ဘူး”

“သြော်၊ ကလေကချေမရဲ့။ ပါးစပ်က နတ်စကားထွက်နေပါလား”

“ခင်ဗျား ကျွန်တော့်ကို ဒီထက်ပိုပြီး မစော်ကားရင်ကောင်းမယ်”

“စော်ကားတော့ ဘာလုပ်မလဲ မိတင်တင်ရီ။ ဟင် ညည်းကများ ကျုပ်ကို ပြန်သတ်ဦးမလို့လား”

မအေးမြသည် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်လိုက်သည်။ မျက်နှာမှာ စားတော့ဝါးတော့မလိုဖြစ်နေသည်။

“ဒီကနေ့ ညည်းနဲ့ငါ အပြတ်စာရင်းရှင်းရမယ့်နေ့ပဲ တင်တင်ရီ”

မအေးမြသည် ပြောပြောဆိုဆို တင်တင်ရီထံ တိုးလာသည်။ ရိုက်နှက်သတ်ပုတ်မည့်အရိပ်အယောင်ကို တွေ့ရသည်။

“ကျွန်တော့်အသားကို မထိနဲ့နော်”

တင်တင်ရီသည် မအေးမြကို ရင်ဆိုင်ရင်း သတိပေးသည်။ မအေးမြ မနာယူ။ တင်တင်ရီ၏ဆံပင်ကို ဆွဲယူရန် ကြိုးစားသည်။ တင်တင်ရီက မအေးမြ၏ လက်ကို ပုတ်ထုတ်လိုက်သည်။

မအေးမြသည် ပိုမိုခံပြင်းသွားသလိုရှိကာ လူချင်းဝင်ပူးရန် အားထုတ်သည်။ တင်တင်ရီ မနေသာတော့။ မအေးမြ၏ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဆောင့်တွန်းလွှတ်လိုက်သည်။

အတော်ချည်းဝရွဲနေသော မအေးမြသည် တင်တင်ရီတွန်းလွှတ်လိုက်သောအရှိန်၊ မိမိကိုယ်ကို မဟန်နိုင်သောအရှိန်တို့ကြောင့် ထိုင်လျက် လဲကျသွားသည်။ ပါးစပ်မှ ညစ်ညမ်းစွာ ဆဲရေးရင်းတံမြက်စည်းကိုဆွဲယူကာ ကုန်းထလာသည်။

တင်တင်ရီသည် ဆွဲမိဆွဲရာဆွဲလိုက်သည်။ လက်ထဲတွင် ရေထမ်းတံပိုးပါလာသည်။

“ကျွန်တော်ပြောမယ်။ ခင်ဗျားကျွန်တော့အသားကိုတစ်ချက်ထိရင် ကျွန်တော်လည်း တစ်ချက်ပြန်ချရမှာပဲ”

တင်တင်ရီ၏မျက်နှာမှာ မာကျောနေသည်။ မျက်လုံးများက အရောင်တောက်နေသည်။ ပြောသလိုလုပ်တော့မည်ဆိုခြင်းကို မျက်နှာအနေအထားက ဖော်ပြနေသည်။

မအေးမြ ကိုယ်ရှိန်သတ်သွားသည်။ သို့ရာတွင် သူက သည်အတိုင်းငြိမ်မနေ။ အော်ဟစ်ငိုယိုကာ တင်တင်ရီက သူ့အား သတ်နေပါပြီဟု အရပ်ကို တိုင်သည်။

အရပ်ကလူများ ဝိုင်းအတွင်းဝင်လာကြသည်။

တင်တင်ရီသည် ယခုမှပင် ရှက်ရွံ့ရကောင်းမှန်း သိလာသည်။ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြမည့်စကားများကို မကြားနိုင်သလိုရှိသည်။ မည်သူ့မျက်နှာကိုမှလည်း မမြင်ချင်၊ သို့ဖြင့် အိပ်ခန်းတွင်းဝင်ခဲ့သည်။ နားကို ခေါင်းအုံးများဖြင့် တင်းတင်းပိတ်ကာ အိပ်နေလိုက်သည်။

အရပ်မှလူများကို သူစိတ်တိုင်းကျ ငိုယိုတိုင်တန်းပြီးနောက် မအေးမြသည် ဖေဖေ့ကို တိုင်ဦးမည်ဆိုကာ အိမ်မှ ထွက်သွားသည်။ အိမ်တွင် တင်တင်ရီတစ်ယောက်တည်း ကျန်ရစ်သည်။ သည်မှာတွင်ပင် တင်တင်ရီသည် သည်အရပ်၊ သည်အသိုင်းအဝိုင်းကိုစွန့်ခွာရန်အချိန်သို့ မလွဲမသွေ ရောက်ရှိလာပြီဟု တွက်ဆမိသည်။ သည်အိမ်တွင် မည်သို့မျှနေမရသည့်အဖြစ်ကို တွေးမိသည်။

ကမ္ဘာလောကဟူသည် ကျယ်ဝန်းသည်။ နက်ရှိုင်းသည်၊ ရှုပ်ထွေးသည်မှန်စေ။ ယင်းလောကအတွင်း တိုးဝင်ရသည်ကမှ သည်အိမ်တွင် ဒုက္ခဆင်းရဲခံကာ နေရသည်ထက် ပိုမိုကောင်းမွန်လိမ့်ဦးမည်ထင်သည်။

နောက်တစ်ခုကလည်း သည်ရက်ပိုင်းတွင် တင်တင်ရီသည် သူ၏ ပျောက်ဆုံးနေလေသောမိခင်ကို တွေ့ရှိရဖို့ ဆန္ဒစောနေသည်။ မိခင်နှင့် ပြန်လည်တွေ့ဆုံရန်အခွင့်အရေးကို ရချင်သည်။

မိခင်ဖြစ်သူ အဘယ်မျှ စိမ်းကားရက်စက်နိုင်စွမ်းရှိပြီး စွန့်ပစ်ထားရက်စေကာမူ တင်တင်ရီသည် မိခင်ကို မနာကြည်းရက်နိုင်။

တင်တင်ရီသည် သူ၏ ပစ္စည်းပစ္စယကလေးများကို သိမ်းကျုံးယူသည်။ စင်စစ် သူပိုင်ဆိုင်သော ပစ္စည်းဟူသည်မှာလည်း များများစားစားရှိလှသည်တော့မဟုတ်။ သေတ္တာတစ်လုံးပင် မပြည့်တတ်။

မုန့်ဖိုးပဲဖိုးကလေးများထဲမှ စုဆောင်းထားသော ငွေအနည်းအကျဉ်းရှိသည်။ သို့တိုင်အောင် ယင်းငွေမှာ ခရီးရှည်ရှည်ဝေးဝေး ရောက်နိုင်မည်မဟုတ်။ အကယ်၍ ငွေများများစားစား မရှိသည့်တိုင် အဖိုးတန်လက်ဝတ်လက်စားပါလာလျှင် တော်သေးသည်။ ယခုမူ လက်ဝတ်လက်စားဟူ၍လည်း တစ်စုံတစ်ရာမျှမပါ။

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

“ကမ္ဘာလောကဟူသည် ကျယ်ဝန်းသည်။ နက်ရှိုင်းသည်။ ရှုပ်ထွေးသည်မှန်စေ။ ယင်းလောကအတွင်း တိုးဝင်ရသည်ကမှ သည်အိမ်တွင် ဒုက္ခဆင်းရဲခံကာ နေရသည်ထက် ပိုမိုကောင်းမွန်လိမ့်ဦးမည်ထင်သည်။ နောက်တစ်ခုကလည်း သည်ရက်ပိုင်းတွင် တင်တင်ရီသည် သူ၏ ပျောက်ဆုံးနေလေသောမိခင်ကို တွေ့ရှိရဖို့ ဆန္ဒစောနေသည်။ မိခင်နှင့် ပြန်လည်တွေ့ဆုံရန်အခွင့်အရေးကို ရချင်သည်။ မိခင်ဖြစ်သူ အဘယ်မျှ စိမ်းကားရက်စက်နိုင်စွမ်းရှိပြီး စွန့်ပစ်ထားရက်စေကာမူ တင်တင်ရီသည် မိခင်ကို...”

သာယာခြင်း

ပီမိုးနင်း

သာယာသော တောတောင်စိမ့်မြိုင်ဟု ထင်ရသော်လည်း နိုပ်စက်ခြင်းခံနေရသော သားကောင်သတ္တဝါများသည်ကား ထိုတောတောင်အတွက် အဘယ်သို့ရှိမည်နည်း။

တစ်နေ့က သူငယ်တစ်ယောက်သည် ကျွန်ုပ်အား ကန်တော်ကြီးဘက်၌ လေညင်းခံရင်း စကားစမြည် ပြောရအောင် လျှောက်ပါလားဆရာ၊ ကျုပ်ကစိတ်မပါပါဘူးကွယ်ဟု ပြောလိုက်လေသည်။ ထိုအခါ ၎င်းလူငယ်က ဆရာရေးတာတွေနဲ့ ဆန့်ကျင်သလို ဖြစ်နေတာပေါ့ဟုပြောရာ ကျွန်ုပ်က အင်း... ဒီလိုကျနေတာပဲဟု ပြောလိုက်လေသည်။

၎င်းသူငယ်၏စိတ်၌ ကန်တော်ကြီးစောင်းညနေအချိန် လေညင်းခံခြင်းသည် စိတ်ကိုသာယာလတ်ဆတ်စေသည်။ ပျော်ရွှင်ဖွယ်လည်းကောင်းသည်။ သို့ပါလျက် အိမ်မှာကုပ်၍နေသည်မှာ စိတ်လက်မရှင်းခြင်းကြောင့်ဖြစ်သည်ဟု မှတ်ထင်ဟန်ရှိလေသည်။

၎င်း၏စိတ်၌လည်း ကန်တော်ကြီးစောင်း၏ သာယာခြင်းကိုနှစ်လို၍ ကျွန်ုပ်ကို ထိုနေရာသို့ ဆွယ်ခြင်းမဟုတ်၊ ကျွန်ုပ်နှင့် စကားပြောလိုသောကြောင့် ဆွယ်ခြင်းမျှသာ ဖြစ်လေမည်။

လောကဓာတ်ရှုမျှော်ခင်းတို့၏ သာယာခြင်းဆိုသည်မှာ စင်စစ်မရှိသောအရာဖြစ်လေသည်။ မြင်နေကျလျှင် ရိုး၏။ အလွန်အကျိုးအကြောင်းဆင်းရဲကုပ်စုတ်စွာ နေကြရသူများ၏စိတ်၌ ကန်တော်ကြီးစောင်းသည် ထိုမျှလောက်သာယာမည်မဟုတ်ပေ။

မြို့သူများ လယ်တောကို တစ်ခါတစ်ရံ ရောက်သည့်အခါ ညနေချမ်းအချိန် တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာ၊တိမ်ညိုအတန့်အတန့်ခြယ်သောကောင်းကင်ကိုကြည့်ရခြင်းသည် ကြည်နူးဖွယ်ဖြစ်၏။ ညနေချမ်းလေပြည်၏သန့်ရှင်းသောအရသာကို ခံယူရှူရှိုက်ရခြင်း၌ ချမ်းမြေ့နှစ်ခြိုက်သည်ထင်၏။ လယ်တောဘ၌ ပင်ပန်းစွာ လုပ်ကိုင်နေထိုင်ရသူများမှာကား ငြီးငွေ့သွေ့ခြောက်၍ နေကြလေသည်။

ပင်လယ်ကမ်းကွေ့၌ တံငါလှေလေးများကို နေဝင်ရီတရောအချိန်၌ မြင်ရခြင်းသည် ကြည်နူးဖွယ်ဖြစ်၏။ ရေရောင်နှင့် ညိုပြာညက်သော ကျောပြောင်တံငါမှာကား သာယာဖွယ်မှတ်ထင်မည်မဟုတ်ပေ။ တောတောင်၌ ဥချိုးကူသံကလေးကို ကြားရသောအခါ သာယာသောဘာသာတေးဟု ပြောလေ့ရှိကြ၏။ ဥချိုးမှာကား ကူရာ၌ သာယာချင်မှ သာယာချေမည်။

အကြောင်းမူကား လျှိုမြောင်ချောင်ကြားချောက်ကမ်းပါး၌ ရင်အုံသားကို ဆား၊ နနွင်းနယ်ကာ ဝါးညှပ်နှင့် အကင်ခံ၍နေရသော ကြင်ဖော်ကို တမ်းတ,ကာ လောင်မီးကျ၍ နေရာလေသလားဟု မည်သူသိနိုင်ပါမည်နည်း။

နံနက်စောစော အိပ်ရာမှထသောအခါ ကျိုးကျိုးကျည်ကျည် စာကလေးငှက်တို့၏ မြည်သံကိုကြားရသဖြင့် စိတ်နှလုံးရွှင်ပျတတ်၏။ စာကလေးများမှာကား ဝမ်းစာမဝ၊ ဘယ်ဆီကို ပျံသန်းကာ စပါးဆန်တစ်လုံးနှစ်လုံးကိုရအောင် ရှာရပါမည်နည်း။

လက်သရမ်းသော ကျောင်းသားသူငယ်၏ လောက်လေးဖြင့် ဦးခေါင်းကြွေကာ မြေမှာလူး၍နေသော စာသူငယ်အတွက် ရတက်မီးပွား၊ အပူကြီးမားသော မိခင်တို့၏ အသံများလည်း ပါဝင်နိုင်လေသည်။

ထိုထိုသာယာသော တောတောင်များ၌လည်း မသာမယာ၊ ခါချဉ်အုံအနီး၌ မချိမဆံ့တွန့်ကာ ခါချဉ်တို့၏ အစာဖြစ်၍နေသော ၄က်သူငယ်၊ ပန်းလိပ်ပြာ၊ ပိုးကောင်တွေဖြာဖြာနှင့် ဒဏ်ရာအနာကိုခံရသော တောကောင်သတ္တဝါများစွာ တွေ့ရှိကြလေရာ အမြင်အားဖြင့် သာယာသော တောတောင်စိမ်းစိုရောင်မှာ မသာမယာစစ်ခင်းလျက် အပြင်းအထန် တစ်ကောင်ကိုတစ်ကောင် သတ်၍နေကြသော တိရစ္ဆာန်တွေ အဘယ်မျှ လောက်များပေမည်နည်း။ အဘယ်မှာလျှင် သာယာကြည်နူးဖွယ်ရာရှိပါသနည်း။ လောကဓာတ်တောတောင်ကိုရှုကာ ကြည်နူးသဖြင့် စာစပ်သည့် ကဗျာဆရာတို့သည် လောကဓာတ်ကို ထွင်းဖောက်သော မျက်လုံးနှင့်မကြည့်ကြဘဲ အပေါ်ယံဖြစ်သော လောကဓာတ်အရောင်တင်ကလေးကိုသာ ရှုမြင်ကြလေသည်။

အဘယ်မျှလောက် သာယာသောတေးဖြစ်စေ ကာမူ စိတ်နှလုံးမသာမယာခိုက်မှာ အဖန်တလဲလဲ ကြားရချေက ထိုတေးကို နောင်ထပ်ကာထပ်ကာ ကြားရသမျှအခါတိုင်း စိတ်မချမ်းမသာဖြစ်တတ်လေသည်။ စိတ်နှလုံးသာယာခိုက်မှာ ခွေးနှစ်ကောင်ကိုက်သည့် အသံသည် ဂီတသံဖြစ်နိုင်လေသည်။

လောကဘ၌ အသာယာဆုံးသောနေရာသည် သာယာသောအိမ်ဖြစ်၏။ စာကို ဝါသနာပါသူသည် နံနက်စာ၊ ညစာ လုံလောက်သောအိမ်၌ ဖတ်၍နေရသည့်အခါ ကန်တော်ကြီးစောင်းကို သွားရသည်ထက် သာယာလေသည်။

စိတ်နှလုံးချမ်းမြေ့သာယာခြင်းကို အိမ်အပြင်၌ ထွက်၍ ရှာသူများသည် အိမ်ကိုသာယာအောင် မလုပ်လိုသူများဖြစ်ကြလေသည်။ အိမ်သာယာက အဘယ်ကိုမှ သွားဖို့မလိုပေ။ အိမ်မသာယာက လောကကြီးတစ်ခုလုံးမှာ သာယာတော့မည်မဟုတ်ပေ။ လေလွင့်သူဖြစ်၍နေမှသာ အတော်အတန် သက်သာရာရပေလိမ့်မည်။

ကျွန်ုပ်တို့လည်း ပျိုရွယ်စဉ်အခါ သားမယားကို အိမ်မှာထားပြီး လည်ပတ်ရမှပျော်၏။ အိမ်ကို စားဖို့နှင့် အိပ်ဖို့နေရာကဲ့သို့ သဘောထားခဲ့လေသည်။ စားသောက်ပြီးသည်နှင့်တစ်ပြိုင်နက် အခြားကို သွားလေ့ရှိခဲ့၏။ ထိုအကျင့်စွဲသည့်အခါ အိမ်မှာ ရပ်တည်၍ မနေနိုင်။

ကိုယ့်သား၊ ကိုယ့်မယား၊ ကိုယ့်အိမ်ထက် အခြားနေရာတစ်ခုခုကိုဖြစ်စေ၊ အခြားအိမ်တစ်အိမ်ကို ဖြစ်စေ ပိုမို၍ သာယာသည်ဟု မှတ်ထင်ခြင်းသည် ရူးမိုက်ခြင်းဖြစ်သည့်အပြင် အချိန်ကို အကျိုးမဲ့အလဟဿဖြုန်းခြင်း ဖြစ်လေသည်။

မိမိ၏အိမ်မှာ မိမိထင်သလိုနေနိုင်၏။ လုပ်ချင်ရာကို လုပ်နိုင်၏။ အနှောင့်အယှက်ကင်းစွာ ကြံချင်ရာကို ကြံနိုင်လေသည်။

အိမ်သည် ကြီးပွားခြင်း၏ အခြေဖြစ်၏။ ကြီးပွားတိုးတက်ခြင်း၏ ရေသောက်မြစ်သည် အိမ်မှာရှိ၏။ အိမ်သည် ပွားရာတိုးရာနေရာ ဖြစ်လေသည်။

လောကဘ၌ အိမ်ထက်သာယာသောနေရာ မရှိပေ။ အိမ်သာလျှင် ကိုယ်နှင့်စိတ်ကို ချမ်းသာစေ၏။ ယောက်ျားပျို ငယ်ရွယ်သူများသည်လည်း အများအားဖြင့် မိဘ၏အိမ်ထက် အခြားအရပ်၊ အခြားနေရာကို ပိုမို၍ကောင်းလိမ့်မည်ဟု မှတ်ထင်ကာ မိဘ၏အရိပ်အောက်မှ ထွက်ခွာကြလျက် စိမ်းကားသော လောကကြီး၌ ခါး၊ စပ်၊ ချဉ်၊ ငန်သော အတွေ့အကြုံကို ရှာတတ်ကြ၏။ သို့ရှာရာ စိမ်းကားသော လောကကြီးနှင့် ရင်ဆိုင်တွေ့ရသောအခါကျမှ မိဘ၏ အရိပ်ထက် သာယာရိပ်ငြိမ်သော အရိပ်အာဝါသသည် အဘယ်မှာမျှ မရှိကြောင်း ကိုယ်တွေ့ ကြုံကာ မိဘထံပြန်လာတတ်ကြလေသည်။ သို့ဖြစ်လေရာ မည်သူမဆို ပျိုသည်ဖြစ်စေ၊ အိုသည်ဖြစ်စေ အိမ်ကို သာယာအောင်လုပ်ကာ အိမ်မှတစ်ပါး အခြားပျော်စရာနေရာမရှိသကဲ့သို့ သဘောထားကြီးကြလျက် ကြီးပွားခြင်း၏အခြေကို သာယာသောအိမ်၌ စိုက်အပ်ကြလေသည်။ အကြံအစည်၊ အလုပ်အကိုင်၊ စွန့်စားခြင်း တစ်ခုခုမရှိဘဲလျက် အိမ်ကို မစွန့်အပ်ပေ။

ဘားမားဂျာနယ်၊ အမှတ်(၄၀)၊ ဖေ၊ မတ်လ၊ ၁၉၃၇။

ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

ဝေးဝေးကိုမြင်အောင်ကြည့်ပါ

“အခြားလူတွေထက် ကျွန်တော်က ပိုပြီးဝေးဝေးကိုမြင်နိုင်တယ်ဆိုရင် အဲဒါဘာကြောင့်လဲဆိုတော့ အရပ်အမောင်းမြင့်မားတဲ့ ရှေ့ကပညာရှိ၊ ပညာရှင်တွေရဲ့ပခုံးပေါ်ကို ကျွန်တော်က တက်ပြီး ရပ်ခဲ့လို့ဖြစ်မှာပဲ။”

သိပ္ပံပညာရှင်အိုက်ဆက်နယူတန်(၁۶۶၄-၁۷၂۷)

လူတစ်ယောက်သည် မျက်စိတစ်ဆုံး ကြည့်တတ်ရန်လိုသည်။ သို့မှသာ မြင်ခွင့်ရသည့် မြင်ကွင်းတစ်လျှောက်ဖြစ်စဉ်များကို သိနိုင်မည်ဖြစ်သည်။ မျက်စိတစ်ဆုံးကြည့်သူသည် ဘဝ၌ အချွတ်အချော် အတိမ်းအစောင်းနည်းပြီး ရည်မှန်းချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်သူများ ဖြစ်သည်။

ထို့ကြောင့် ဝေးဝေးကိုမြင်အောင်ကြည့်နိုင်ပါက ပိုမိုသာလွန်ကာ လူအများထက်ရှေ့သို့ ရောက်ရှိနိုင်သည်မှာ သေချာသည်။

ဝေးဝေးကို မြင်အောင်ကြည့်နိုင်ရန်အတွက် အဓိကအချက်မှာ စာဖတ်ရန်ပင်ဖြစ်သည်။ စာဖတ်သူ၊ စာပေကိုလေ့လာဆည်းပူးသူသည် စာပေမှရရှိသော အသိပညာရတနာဘဏ်တိုက်ကို လိုအပ်သလိုယူနိုင်ခွင့်ရှိသည်ဖြစ်၍ ဘဝကိုတန်ဖိုးမြင့်အောင်ဖြစ်စေ၊ ဘဝအရည်အသွေးရှိအောင်ဖြစ်စေ လုပ်ဆောင်ထူထောင်နိုင်မည်ဖြစ်သည်။ စာဖတ်သည့်အတွက် အသိအမြင်ပိုမိုကျယ်ဝန်းသည်။ ထို့ကြောင့် စာဖတ်ကြပါရန် တိုက်တွန်းလိုပါသည်။

“စကားပြောကောင်းသောသူသည် စာဖတ်ခဲ့သည်။ စဉ်းစားခဲ့သည်။ နားထောင်ခဲ့သည်။ ထို့ကြောင့် သူ့မှာ ပြောစရာအကြောင်းအရာတစ်ခုခု ခိုင်ခိုင်မာမာရှိလေသည်။” ဟူ၍ ဗြိတိသျှစာရေးဆရာကြီး ဆာဝေါ်လတာစကော့(၁۷၇၁-၁၈၃၂)က ရေးသားပြောဆိုခဲ့ကြောင်း မှတ်သားဖူးပါသည်။

စာဖတ်ခြင်းမှရရှိသော အသိအမြင်အတွေးတို့ဖြင့် ဘဝတည်ဆောက်ရာတွင် များစွာအကျိုးဖြစ်ထွန်းလေသည်။ အကျိုးဖြစ်ထွန်းကြောင်းလည်း သာဓကများစွာရှိပေသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာမည့် မောင်အောင်ဆန်းက ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှာ တက်ရောက်ပညာသင်ယူခဲ့သည့် တက္ကသိုလ်ဝင်တန်းကျောင်းသားလေးဖြစ်သည်။ မောင်အောင်ဆန်း၏ကြိုးစားမှုကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်ခဲ့သည်။ မောင်အောင်ဆန်းသည် ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် စာပေကိုများစွာ လေ့လာဖတ်ရှုသူဖြစ်သည်။ ယင်းကဲ့သို့ ပြင်ပစာပေများကို များများဖတ်ရှုသည့်အတွက် ကျောင်းစာမှာလည်းတော်ပြီး ပညာအရာထူးချွန်ကြောင်း မှတ်ချက်ပြုရမည်ဖြစ်သည်။

သို့ဖြစ်သောကြောင့် ထူးချွန်ပြီး ဘဝမှာ အောင်မြင်ကြီးပွားလိုကြသည့် ယနေ့လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် စာပေလေ့လာဖတ်ရှုမှုများကို မလွဲမသွေလုပ်ဆောင်ရမည်ဖြစ်သည်။ စာပေကို အကျွမ်းတဝင်ဖြစ်အောင် ချဉ်းကပ်ပြီး စာပေကိုမွေ့လျော်ကာ စာပေလေ့လာဖတ်ရှုခြင်းတို့ကို လက်တွေ့လုပ်ဆောင်ကြရန်လိုပါသည်။

ထိုသို့ စာပေဖတ်ရှုခြင်းမှရရှိသော မှန်ကန်သည့် အသိအမြင်၊ အယူအဆ၊ အတွေးအမြင်၊ ဆင်ခြင်တုံတရား၊ ဆုံးဖြတ်ချက်မှန်ကန်မှု၊ သည်းခံစိတ်နှင့် စွန့်လွှတ်အနစ်နာခံမှု၊ ကိုယ်ချင်းစာမှု၊ နားလည်သိတတ်သည့် အတွေးအခေါ်များ စသည်တို့ကို စနစ်ကျနစွာဖြင့် အံဝင်ခွင်ကျသုံးစွဲတတ်လာမည်ဖြစ်သည်။

ယင်းအချက်သည် လူတစ်ဦးချင်းစီအတွက် များစွာအရေးပါလှသည်။ စာဖတ်ခြင်းမှရရှိလာသည့် ကောင်းမွန်၊ မှန်ကန်ပြီး တန်ဖိုးရှိလှသည့် အတွေးအမြင်၊ အယူအဆများကို ထုတ်နုတ်သုံးစွဲတတ်လာလျှင် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာလာပေမည်။

“ပညာသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်ကို ကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်နိုင်ရပေမည်။ ပညာသည် လူတို့၏ ဉာဏ်ကို ပြုပြင်တိုးချဲ့ရုံသာမဟုတ်၊ လူ၏စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူထု၏ဆန္ဒအား၊ လုပ်အားကိုလည်း နူးညွှတ်စေရမည်။ ရာဇဝင်ကို သိရုံမဟုတ်၊ ရာဇဝင်ကို ဖန်တီးစေရမည်။” ဟူ၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း(၁۹၁၅-၁۹۴۷)က ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ရေးသားဖော်ပြခဲ့ကြောင်း မှတ်သားဖူးပါသည်။

စာအုပ်စာပေထဲတွင် ရှိနေပြီးသားဖြစ်သည့် ပညာရပ်များကို ဖတ်မှတ်လေ့လာပြီး စာအုပ်ထဲတွင် ပါရှိသလောက်သာ တွေးတတ်၊ မြင်တတ်၊ ခံယူလုပ်ဆောင်တတ်ရန်သာမဟုတ်ဘဲ စာအုပ်ကိုကျော်လွန်ပြီး အမြင်ကျယ်ကျယ်ဖြင့် တွေးခေါ်မြော်မြင်နိုင်စွမ်းရှိရန် ရည်ညွှန်းထားခြင်းပင်ဖြစ်သည်။

လေ့လာဖတ်မှတ်တွေ့ရှိထားသည့် ပညာသည် လူတို့၏အသိဉာဏ်ပညာနှင့် စိတ်နေစိတ်ထား၊ အယူအဆများကို ပြုပြင်၊ တိုးချဲ့၊ တိုးတက်စေရုံသာမကဘဲ လူတစ်ဦးတစ်ယောက်ချင်းအပြင် မြောက်မြားစွာသော လူထုတစ်ရပ်လုံး၏ ဆန္ဒအား၊ လုပ်အားနှင့် စွမ်းအားတို့ကို နူးညွှတ်စေရမည်ဖြစ်ကြောင်း အသိ၊ သတိပေးထားခြင်းလည်းဖြစ်သည်။

ထို့အပြင် စာပေဖတ်ရှုလေ့လာမှတ်သားရာတွင် အောင်မြင်သူ၊ ကျော်ကြားသူ၊ ကြီးပွားချမ်းသာသူတို့၏ ရာဇဝင်တို့ကို သိရုံလောက်သာမဟုတ်ဘဲ ယင်းတို့ကိုအားကျအတုယူကာ မိမိတို့၏ရာဇဝင်ကို မိမိတို့ကိုယ်တိုင် ဖန်တီးနိုင်စွမ်းရှိရမည်ဟုလည်း တိုက်တွန်းထားခြင်းပင်။ သို့ဖြစ်၍ ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် မိမိတို့၏ ကောင်းမြတ်သည့် ရာဇဝင်များကို ဖန်တီးနိုင်ရမည်ဖြစ်ပေသည်။

စာပေကိုဖတ်ရှုလေ့လာမှတ်သားပြီး ရရှိလာသည့် အသိပညာတို့ဖြင့် အနာဂတ်ဘဝများကို ကြိုတင်တွေးဆမြော်မြင်နိုင်ပြီး ဝေးဝေးသို့မြင်နိုင်အောင်ကြိုးစားကြမည်ဆိုလျှင် ကောင်းမွန်မြင့်မားပြီး အောင်မြင်သော ဘဝများကို ပိုင်ဆိုင်နိုင်ကာ ကြီးပွားချမ်းသာသည့် ရာဇဝင်သစ်ကို ဖန်တီးနိုင်စွမ်းရှိသူများဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပေတော့သည်။ ။

ဘဝနဲ့ဆန္ဒထပ်တူကျချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့ ဘဝကို ဘယ်လိုဖြတ်သန်းချင်ကြသလဲဆိုရင် ဘဝနဲ့ဆန္ဒတစ်ထပ်တည်း ကျချင်တယ်၊ ဘဝနဲ့ဆန္ဒထပ်တူကျချင်တယ်လို့ ဖြေဆိုကြမယ်ထင်ပါတယ်။ ဘဝနဲ့ဆန္ဒတစ်ထပ်တည်း ကျဖို့အရေး သိပ်မဝေးလှပါဘူး။ နည်းလမ်းသိရင် အလွယ်ကလေးပါ။

ဘဝနဲ့ဆန္ဒကို တစ်ထပ်တည်းကျချင်ရင် နည်းမှန်လမ်းမှန်နဲ့ ကြိုးစားကြရမယ်။ ဆန္ဒကိုချည်း လေပေါနေလို့တော့ မပြီးဘူးပေါ့။ ပကတိဘဝရဲ့တောင်းဆိုမှုတွေကို စိတ်ဆန္ဒပါပါ၊ မပါပါ အကောင်းဆုံးစေတနာနဲ့ ပါဝင်လုပ်ဆောင်ကြရမယ်။

လူမှုဝန်းကျင်မှာလုပ်ဆောင်နေရတဲ့ လုပ်ငန်းဆောင်တာမှန်သမျှကို စိတ်စေတနာကောင်းကောင်းနဲ့ ကိုယ်ကျိုးကိုမကြည့်ဘဲ လုပ်ဆောင်နိုင်ရင် ဘဝအတွက် ရလဒ်ကောင်းတွေဟာလည်း အလိုလိုရရှိကာ လိုအပ်တာမှန်သမျှ ပြည့်ဝပြည့်စုံလာရတာ သဘာဝပါပဲ။ အကျိုးရှိမှုအကြောင်းဆိုတာရှိလေတော့ စိတ်ထားကောင်းတို့နဲ့ အကျိုးများတဲ့ လုပ်ဆောင်မှုတွေကို ဦးစွာလုပ်ဆောင်နိုင်မယ့်စိတ်ကို မွေးမြူနိုင်ကြဖို့ လိုအပ်တယ်။

“စိတ်ကောင်းရှိဖို့က ပထမ”လို့ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ (၁၉၀၀-၁၉၇၇) က မိန့်မှာခဲ့ဖူးပါတယ်။

ဒါကြောင့် မောင်တို့မယ်တို့ဟာ ပထမဦးစွာ စိတ်ကောင်းရှိဖို့ လေ့ကျင့်ပျိုးထောင်ရမှာ ဖြစ်ပါတယ်။ စိတ်နေသဘောထားက လူတစ်ဦးချင်းအတွက် အရေးကြီးပါတယ်။ လူတစ်ဦးရဲ့အဆင့်အတန်းကို သိချင်ရင် စိတ်အဆင့်အတန်းနဲ့ပဲ တိုင်းတာရမှာလည်းဖြစ်တယ်ကွယ့်။

“လူရဲ့အဆင့်အတန်းကို စိတ်ရဲ့အဆင့်အတန်းနဲ့ပဲ တိုင်းတာသင့်တယ်။ စိတ်နေသဘောထားက အရေးအကြီးဆုံးပဲ”

မဟာမြိုင်ဆရာတော် ဦးဇောတိကကလည်း တရားတော်တွေထဲမှာ ထည့်သွင်းဟောကြားဖူးပါတယ်။

ဘဝမှာ အကောင်းဆုံးရပ်တည်နိုင်ဖို့ရာမှာ စိတ်စွမ်းအားနဲ့ စိတ်အနေတတ်ဖို့က အရေးကြီးပြန်ပါတယ်။ ကျရာနေရာ၊ ရောက်ရာဘဝဖြစ်နေတဲ့ အခြေအနေမှာ အကောင်းဆုံးလုပ်မယ်ဆိုတဲ့ စိတ်နေ စိတ်ထားရှိကြဖို့ လိုပါတယ်။ မှောင်မိုက်နေတာကို ညည်းညူပြီး လက်မှိုင်ချနေဖို့မလိုပါဘူး။ ဘယ်သူဘယ်ဝါ့အပြစ်ဆိုပြီး အပြစ်ဖို့ အပြစ်ရှာ စကားတွေပြောဆိုရင်း အချိန်ဖြုန်းမနေသင့်ဘူးပေါ့။

အလင်းတစ်တိုင်ထွန်းညှိနိုင်အောင် ကြိုးစားဖို့သာ မိမိအလုပ်၊ မိမိတာဝန်ပဲမဟုတ်လား။ မောင်တို့မယ်တို့ ဒီလိုသဘောထားမျိုးရှိနေအောင်၊ ဒီလိုစိတ်ထားမျိုးရှိနေအောင် စိတ်ကိုမွေးမြူနိုင်ရမယ်။

“ဘယ်နေရာရောက်ရောက်၊ ဘာပဲလုပ်လုပ် မိမိရဲ့အကောင်းဆုံးအရည်အသွေး၊ အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံး လုံ့လဝီရိယကို ပြမယ်ဆိုတဲ့ စိတ်ထားမျိုးမွေးရမယ်။ မိမိလုပ်ချင်တာ၊ မလုပ်ချင်တာ ဘာဆိုဘာမှထည့်မတွက်ဘဲ မိမိလုပ်ရတော့မယ့်အလုပ်တစ်ခုကို ရောက်ရာနေရာမှာ မိမိရဲ့အကောင်းဆုံးစိတ်ထား၊ အကောင်းဆုံးအရည်အသွေးနဲ့ မဆုတ်မနစ်၊ ဇွဲရှိရှိ၊ ပြောင်မြောက်အောင် လုပ်မယ်ဆိုတဲ့ စိတ်သဘောထားဟာ လူတစ်ယောက်ရဲ့ အောင်မြင်ခြင်းနိမိတ်ပုံ၊ လူတစ်ယောက်ရဲ့ ထူးခြားတဲ့အမှတ်အသားဖြစ်သွားတယ်”

သားဖွားမီးယပ်အထူးကု ပါရဂူသမားတော်ကြီး ဒေါက်တာစိုးလွင် ရေးသားခဲ့ဖူးတာကို မှတ်သားထားတာ ဖြစ်တယ်။ ဆရာဝန်စာရေးဆရာ ဒေါက်တာစိုးလွင်ဟာ ဆေးလောက အတွေ့အကြုံများစာအုပ်နဲ့ သုတစွယ်စုံ စာပေဆု၊ အသုံးချသိပ္ပံအတွက် ဆုရရှိခဲ့သူလည်း ဖြစ်တယ်။ ဆရာ ဒေါက်တာစိုးလွင်ရေးသားခဲ့တဲ့ စေတနာစကားကို မောင်တို့မယ်တို့ လေးစားအားကျအတုယူ မှတ်သားနာယူနိုင်ကြဖို့ပေါ့ကွယ်။

“လောကသည် မိမိအတွက်မဟုတ်၊ မိမိသည်သာ လောကအတွက် ဖြစ်စေရမည်ဟူသော ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် အလုပ်လုပ်သော လူများကို နတ်လူသာခုခေါ်ကြမည်”

ဗုဒ္ဓစာပေများရေးသားရာတွင် ထင်ရှားသည့် စာရေးဆရာကြီး ဦးရွှေအောင် (၁၉၂၈-၁၉၉၄) ကလည်း ရေးသားခဲ့ဖူးတယ်။ လူတွေ အမြင်မှန်ဖို့အတွက် ဆရာကြီးက သူ့သဘောထားနဲ့ ထင်ဟပ်ရေးသားခဲ့တာဖြစ်တယ်။

မိမိအတွက်၊ မိမိဘက်ကချည်း စဉ်းစားနေရင် လူဟာ လောကအပြင်ဘက်ကို အလိုလို ရောက်သွားတတ်ပါတယ်။ လောကအတွက် မိမိက ပါဝင်ထမ်းရွက်ရပေမယ်လို့ သိမြင်ပြီး အနစ်နာခံချင်စိတ်ရှိမှ လောကပတ်ဝန်းကျင်က မိမိကို ကြိုဆိုအားပေးကြမှာပေါ့။

လူဆိုတာ ရတာကြိုက်တာ ယူချင်တယ်။ ယူလို့ရသမျှယူ။ ဟိုဟာလည်းယူ၊ ဒီဟာလည်းယူ။ ယူလို့ရသမျှ လက်တစ်ဆုံးနှိုက်ပြီးယူတော့ သူ့မှာလေးလံသွားရောပေါ့။ လေးတော့ အောက်ကို နိမ့်ကျသွားရှာတာပေါ့။

အများအကျိုးလုပ်ဆောင်တယ်၊ သူတစ်ပါးကို ကူညီပေးတယ်ဆိုတာက ပေးတာ။ ပေးနိုင်သမျှ စေတနာထက်ထက်သန်သန်နဲ့ ပေးဝေ့နေတော့ သူ့မှာလေးလံစရာမရှိတော့ဘူးပေါ့။ လေးလံစရာမရှိတော့ ပေါ့ပါးပြီး အထက်ကိုမြင့်မြင့်လွင့်တက်သွားတော့တာပေါ့။ အများကိုကြည့်တတ်တဲ့သူတွေဟာ မြင့်ရာရောက်သွားတဲ့ သဘောပါပဲ။ နိယာမပါပဲ။ မွန်မြတ်တဲ့စိတ်ထားရှိသူဟာ အောင်မြင်ချမ်းသာမှုဆိုတဲ့အရာမှာ စိတ်ရော၊ လူရောအပြင် မိမိရဲ့မိသားစုပါ ချမ်းမြေ့မှုကို ပိုင်ဆိုင်နိုင်ကြတာပါပဲ။

မောင်တို့မယ်တို့အနေနဲ့ ဘဝခရီးမှာ လိုအင်ဆန္ဒတွေ ပြည့်ဝနိုင်ကြဖို့အတွက် စိတ်ကောင်းထားပါ။ အများအကျိုးကို သယ်ပိုးနိုင်ပါစေ။ အများအကျိုးဆောင်ရင်း ကိုယ်ကျိုးအောင်မြင်မှု ရရှိလာမယ်။ အများကလိုလားတဲ့ အားကျတဲ့ဘဝများကို ရရှိပိုင်ဆိုင်လာနိုင်မှာ ဖြစ်တယ်။

ဒါကြောင့် မောင်တို့မယ်တို့ဟာ ဘဝနဲ့ဆန္ဒတစ်ထပ်တည်း ကျနိုင်မယ့်နည်းနာတွေကို မှတ်သားလေ့ကျင့်လုပ်ဆောင်နိုင်ခြင်း အားဖြင့် မိမိဘဝဖြတ်သန်းမှုတစ်လျှောက်မှာ ဘဝနဲ့ဆန္ဒ ထပ်တူကျလာနိုင်မှာ အသေအချာပဲပေါ့ကွယ်။ ။

ငါးရာခိုင်နှုန်း ဖြေရှင်းနည်းကို အသုံးပြုပါ

အောင်မြတ်စည်သူ

လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျွန်တော့်ဘဝကို ပြောင်းလဲရန် ကျွန်တော်ပထမဦးဆုံး စတင်စဉ်းစားချိန်တွင် ကျွန်တော်သည် ခံစားချက်များ ယောက်ယက်ခတ်မှုကို ကြုံခဲ့ရသည်။ ကျွန်တော် ထွန်းထွန်းပေါက်ပေါက် မည်သူဖြစ်ထွန်းနိုင်သည်ဟူသော စိတ်ကူးဖြင့်ယစ်မူးပြီး ကိုယ့်ကိုယ်ကိုယ် ညတွင်းချင်း ပြုပြင်ပြောင်းလဲရန် တာစူမည်။ ထို့နောက်တွင်မူ ကျွန်တော့်အကျင့်ဟောင်းများက ကျွန်တော့်ကို ဒုံရင်းဘဝသို့ ပြန်လည်ဆွဲချပြီး ကျွန်တော် သီတင်းပတ်ပေါင်းများစွာ စိတ်ဓာတ်ကျ၊ စိတ်ပျက်နေပေလိမ့်မည်။ ပြောင်းလဲမှု ပြုနိုင်လောက်သောစွမ်းရည် ကျွန်တော့်တွင် မရှိဟု တွေးမြင်ပေမည်။ သီတင်းပတ်ပေါင်းများစွာ လွန်သွားသည်နှင့် အမျှ ကြီးကျယ်သောကိစ္စများကို တဖြည်းဖြည်း ဖန်တီးရသောကြောင့် ကြီးကျယ်မြင့်မြတ်သူတို့ကို လည်း မည်သည့်အတွက် ထိုအတိုင်း မဖန်ဆင်းရာသနည်း။ ကျွန်တော်သည် ထိုမှာဤမှာ အသေးအမွှား ပြောင်းလဲမှုများ၏ တန်ဖိုးကို မြင်လာသည်။ ယင်းသည်ကား... ကျွန်တော် ဖြစ်လိုရာဘက်သို့ ကျွန်တော့်ကို ဦးတည်ပေးသည်။

